မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၉၉)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအခမ်းအနားကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေး

**ယခုဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံဒီဇိုင်းများကိုမဲစနစ်ဖြင့် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်ရွေးချယ်စေခဲ့ပြီး ရွေးချယ်မှုမဲအများဆုံးရရှိသည့်ဒီဇိုင်းဖြင့် တည်ဆောက်ခဲ့ခြင်းသည် ယခုဘွဲ့နှင်းသဘင်ခန်းမကြီး၏ ထူးခြားချက်ပင်ဖြစ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy(ဘွဲ့နှင်းသဘင်ခန်းမ)ဘက်စုံသုံးခန်းမ ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်ရှိ Naypyitaw State Academy (ဘွဲ့နှင်းသဘင်ခန်းမ)ဘက်စုံသုံးခန်းမဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ★




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်)

# နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ခဲ့ပြီ

မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိရာ ပါတီစုံစနစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည်အဓိကမဏ္ဍိုင်ဖြစ်သည်။ အဆိုပါရွေးကောက်ပွဲသည် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ဂုဏ်သိက္ခာရှိခြင်းတို့ဖြင့်ပြည့်စုံရမည်ဖြစ်သည်။ မဲမသမာမှုနှင့် တရားမဲ့ပြုမှုကင်းစင်နေရမည်ဖြစ်သည်။ **မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ကစတင်ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည်အောင်မြင်သောရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာနှင့်ပြည့်စုံသောရွေးကောက်ပွဲဖြစ်ခဲ့သည်။** ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ပါဝင်မဲပေးခဲ့ကြသည့် ပြည်သူများမှာ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားလက်ခံပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာဖြင့် စည်းကမ်းစနစ်တကျ၊ အေးချမ်းစွာပါဝင်ဆန္ဒမဲပေးခဲ့ကြခြင်းမှာ နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကိစ္စရပ်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်မည့် မြို့နယ်များနှင့်မကျင်းပနိုင်မည့် မြို့နယ်များသတ်မှတ်၍ မဲစာရင်းများအဆင့်ဆင့်ပြုစုခြင်း၊ ရွေးကောက်ပွဲအားအပိုင်းလိုက်အောင်မြင်စွာ ကျင်းပပေးခြင်း၊ မဲစာရင်းရလဒ်များ၊ ရွေးကောက်ခံကိုယ်စားလှယ်များ၏ စာရင်းကြေညာပေးခြင်းများ၊ ရွေးကောက်ပွဲကိုအပိုင်းလိုက် ကျင်းပဆောင်ရွက်ခဲ့ရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ အပိုင်းလိုက်သတ်မှတ်နေရာများအလိုက် အချိန်မီရွှေ့ပြောင်းခြင်း၊ စနစ်တကျပြန်လည်တပ်ဆင်အသုံးပြုခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။ ရွေးကောက်ပွဲကို သမာသမတ်ရှိရှိ စနစ်တကျဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခုအချိန်အထိ နိုင်ငံရေးပါတီများမှ ကန့်ကွက်ခဲ့မှုမရှိသည်မှာလည်း ရွေးကောက်ပွဲဂုဏ်သိက္ခာဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံရေးပါတီများပါဝင်နိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် ပါတီငယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ လွှတ်တော်နိုင်ငံရေးစင်မြင့်တွင် ပါဝင်လာနိုင်စေရေး PR စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့သည်။ ဒေသအားလုံးနှင့် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များအနေဖြင့်လည်း လွှတ်တော်တွင်ပါဝင်ပြီး မိမိတို့၏ဒေသအကျိုးနှင့် ၎င်းတို့၏ ဆန္ဒများကိုပါဝင်ဆွေးနွေး ဆောင်ရွက်နိုင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ယခုရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများနှင့် ပါတီငယ်များမှကိုယ်စားလှယ်များ ပိုမိုပါဝင်လာသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၉ ရက်က ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ် **"ပြည်သူများနှင့်ထိတွေ့မှုများပြားသည့်ပါတီများ၊ ပါတီဝင်စည်းရုံးရေးကို ဆောင်ရွက်နိုင်ခဲ့သည့် ပါတီများအနေဖြင့် ပြည်သူများ၏ထောက်ခံမှုကိုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်မတိုင်မီကတည်းက စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ရမည်ကို သင်ခန်းစာဖော်ထုတ်နိုင်ကြောင်း၊ ပါတီ၏မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများအား ပြည်သူများသိရှိစေရေးဆောင်ရွက်ပြီး စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ နောင်တစ်ချိန်ပြုလုပ်သွားမည့် ရွေးကောက်ပွဲများတွင် ယခုထက်ပိုမိုကောင်းမွန်သည့် ရွေးကောက်ပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုရရှိလာသည့် ရွေးကောက်ပွဲရလဒ်များကိုလည်း ပါတီများအနေဖြင့် သံသယရှိပါက ရွေးကောက်ပွဲကော်မရှင်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်နိုင်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ဆန္ဒမဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များကို ရွေးကောက်ပွဲမကျင်းပမီ စတင်၍ ကြိုတင်ပြင်ဆင်ချိန်ကတည်းက အကြိမ်ကြိမ်စမ်းသပ်စစ်ဆေးပြီးမှသာ ရွေးကောက်ပွဲတွင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကိုလည်းဆောင်ရွက်ခဲ့သည်။ မဲစာရင်းများ မှားယွင်းမှုများမရှိစေရေး အကြိမ်ကြိမ်အထပ်ထပ် စစ်ဆေးခြင်းများဆောင်ရွက်ခဲ့သည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း ၃ ပိုင်းခွဲ၍ ၂၆၃ မြို့နယ်တွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သည်မှာ ပြည်သူများပါဝင်မှုကြောင့်အောင်မြင်ခြင်းဖြစ်သည်။ ရွေးကောက်ပွဲ၌ပြည်သူများအနေဖြင့်ဆန္ဒမဲများပေးရာတွင် တက်ကြွစွာဖြင့် စည်းကမ်းတကျလာရောက်၍ မဲရုံများတွင် ဆန္ဒမဲများပေးခဲ့ကြသည်။ မဲပေးရာတွင်စနစ်တကျဖြင့် တန်းစီ၍မဲပေးခဲ့ကြခြင်းကို တွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကိုထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏နိုင်ငံရေးအရဆောင်ရွက်ချက်များကိုထောက်ခံမှုပြသခြင်းပင်ဖြစ်သည်။ **ယခုအခါရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးပြီဖြစ်သဖြင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူ၍အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေပြီဖြစ်**ပေရာ နိုင်ငံတော်၏ဒုတိယစာမျက်နှာကိုမြင်တွေ့ရတော့မည်ဖြစ်ပါကြောင်း။ ။

---

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

---

# ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို ပြည်သူများ ဝင်ရောက်လေ့လာနိုင်

**ပုဂံ ဖေဖော်ဝါရီ ၁၀**

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို ၁၉၀၄ ခုနှစ်တွင် ပုဂံမြို့ဟောင်း အာနန္ဒာဘုရား၏ မြောက်ဘက် စောင်းတန်းအနီးတွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ပထမဆုံးသော ပြတိုက်ဖြစ်ကြောင်း သိရသည်။

၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ကန်တော့ပလ္လင်ဘုရားတောင်ဘက်၌ ရှစ်မြှောင့်ပုံသဏ္ဌာန်ရှိသော ရှေးဟောင်းသုတေသနပြတိုက်ကို ထပ်မံတည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ယခုလက်ရှိကမ္ဘာ့အဆင့်မီ ရှေးဟောင်းသုတေသနပြတိုက်ကြီးကို ၁၉၉၈ ခုနှစ် ဧပြီလ ၁၇ ရက်တွင် ဖွင့်လှစ်ပြသနိုင်ခဲ့သည်။ ပြတိုက်ကြီးတွင် အထူးပင်မပြခန်း၊ ပုဂံခေတ်ဗိသုကာပြခန်း၊ ပုဂံခေတ်လက်မှုအနုပညာပြခန်း၊ ပုဂံခေတ် နန်းမြို့ပြခန်း၊ ပုဂံခေတ်စာပေပြခန်း၊ ပုဂံခေတ်လူနေမှုဘဝပြခန်း၊ ပုဂံခေတ်ဗုဒ္ဓအနုပညာပြခန်း၊ ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များပြခန်း၊ ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်းနှင့် ပုဂံခေတ်နံရံဆေးရေးပန်းချီပြခန်း စသည့်ပြခန်း ၁၀ ခန်းဖြင့် ခင်းကျင်းပြသထားသည်။ ၂၀၁၇ ခုနှစ်တွင် ကလေးများပြတိုက်ကို ပြတိုက်ကြီး၏မြောက်ဘက်ရှိ ရှစ်မြှောင့်ပုံသဏ္ဌာန်အဆောက်အအုံ၌ ခင်းကျင်းပြသထားခဲ့ကြောင်း သိရသည်။

အထူးပင်မပြခန်းတွင် ကြီးမားသောသုံးဖက်မြင်ပုဂံရှုခင်းပုံနံရံပန်းချီကားချပ်၊ သဲကျောက်ဖြင့် ထုဆစ်ထားသော ဗုဒ္ဓဝင်ရှစ်ခန်းနှင့် ပုဂံခေတ်တွင်ထင်ရှားကျော်ကြားသော မင်းလေးပါးတို့၏ ကြေးရုပ်တုများကို ပြသထားသည်။ အမိုးမျက်နှာကြက်အား ရွှေဇဝါ ယွန်း၊ ရွှေချည်ထိုး၊ သစ်ကပ်ပန်း၊ သစ်သားပန်းပုနှင့်အင်္ဂတေပန်းစသည့် မြန်မာ့အနုပညာလက်ရာများဖြင့် တန်ဆာဆင်ထားသည်ကို လေ့လာကြည့်ရှုနိုင်သည်။ ဗုဒ္ဓဝင်ရှစ်ခန်းမှာ မယ်တော်မာယာဖွားတော်မူခန်း၊ ဗောဓိပင်ရင်း၌ ဘုရားပွင့်တော်မူခန်း၊ ဗုဒ္ဓဓမ္မစကြာတရားဦးဟောတော်မူခန်း၊ ဗုဒ္ဓနာဠာဂီရိဆင်မိုက်ကြီးကို ချွတ်ခန်း၊ ဗုဒ္ဓတာဝတိံသာနတ်ပြည်မှဆင်းတော်မူခန်း၊ ဗုဒ္ဓပါလိလေယျတော၌ စံတော်မူခန်း၊ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူခန်းတို့ပြသထားသည်ကို လေ့လာနိုင်ကြောင်း သိရသည်။

**ဒီပါလင်း**

---

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၁-၂-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓဇယန္တီဗိမာန်တော်ကြီးတည်ဆောက်မှုလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

မကွေး ဖေဖော်ဝါရီ ၁၀

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓဇယန္တီဗိမာန်တော်ကြီးကို တည်ဆောက်လျက်ရှိရာ လက်ရှိတည်ဆောက်မှုလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

မြသလွန်စေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသော ဘုရားဖူးပြည်သူများ အဆင်ပြေကျယ်ဝန်းစွာနားနေနိုင်စေရန် မြသလွန်စေတီတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အဆိုပါဗုဒ္ဓဇယန္တီ ဗိမာန်တော်ကြီးကို ငွေကျပ် သိန်း ၂၄၀၀၀ ကျော်အကုန်အကျခံတည်ဆောက်နေခြင်းဖြစ်သည်။

"ဗုဒ္ဓဇယန္တီဗိမာန်တော်ကြီးက နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အနယ်နယ်အရပ်ရပ်ကနေ ဘုရားဖူးလာရောက်ကြတဲ့ ပြည်သူတွေအနေနဲ့ မိုးလုံလေလုံနားနေနိုင်စေဖို့ရည်ရွယ်ပြီးတည်ဆောက်နေတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ၈၀ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပါပြီ" ဟု မကွေးမြို့ မြသလွန် စေတီတော်မြတ်ကြီး ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးအောင်ဆန်းကပြောသည်။

ဗိမာန်တော်ကြီးအပေါ်ထပ်၌ ထီးတော်ထားရှိသောအခန်း၊ ဘုရားသုံးဆူစံမြန်းရာဘုရားခန်းနှင့် ဓာတ်တော်အခန်းတို့ပါဝင်ပြီး ဗိမာန်တော်အောက်ထပ်၌ ဘုရားဖူးလာပြည်သူများ မိုးလုံလေလုံနှင့် ဘေးအန္တရာယ်ကင်းစွာ သက်သောင့်သက်သာနားနေနိုင်စေရန် စီစဉ်ဆောင်ရွက်ထားသည့်အပြင် သန့်စင်ခန်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။



အဆိုပါ မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၌ အသစ်တည်ဆောက်လျက်ရှိသော ဗုဒ္ဓဇယန္တီဗိမာန်တော်ကြီးသည် အကျယ်အဝန်းအားဖြင့် အလျား ၉၆ ပေ၊ အနံပေ ၃၀ ရှိကြောင်း၊ မြသလွန်စေတီတော်မြတ်ကြီး၌ ယခင်တည်ဆောက်ထားသော တန်ဆောင်းတော်များနှင့် ဗိမာန်တော်များလည်းရှိပြီး ယခုအခါ ဗိမာန်တော်ကြီးကို အသစ်တည်ဆောက်နေသည့်အတွက် ဘုရားဖူးလာပြည်သူများ ပိုမိုကျယ်ဝန်းစွာနားနေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါးကေ ၈၀၀ စိုက်ပျိုးမည်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးကေ ၈၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် မိတ္ထီလာမြို့နယ်၌ နွေစပါးစိုက်ပျိုးရန် ဧက ၁၀၉၀ လျာထားပြီး အဆိုပါစိုက်ကေများအနက် နွေစပါး ကေ ၈၀၀ ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမည်ဖြစ်သည်။ ထိုသို့စိုက်ပျိုးရာတွင် နွေစပါးတစ်ကေလျှင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ငွေကျပ် နှစ်သိန်းငါးသောင်းကို အကျိုးတူကုမ္ပဏီထံ ပေးအပ်၍ ယင်းကုမ္ပဏီမှ နွေစပါးစိုက်တောင်သူများအား စပါးမျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ကို ပေးအပ်မည်ဖြစ်ကာ အဆိုပါကုမ္ပဏီထံ နွေစပါးများကို ကာလပေါက်ဈေးနှုန်းဖြင့် ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။

မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ထမုန်ကန်ကျေးရွာအုပ်စုတွင် ဧက ၁၉၀၊ ညောင်ကိုင်ကျေးရွာအုပ်စုတွင် ဧက ၅၀၊ ခင်လူးကျေးရွာအုပ်စုတွင် ဧက ၅၀၊ ညောင်ကန်ကျေးရွာအုပ်စုတွင် ဧက ၅၀၊ ကန်သာကျေးရွာအုပ်စုတွင် ဧက ၁၀၀၊ လျှော်ဖြူကန်ကျေးရွာအုပ်စုတွင် ဧက ၁၆၀၊ ကဖြူကျေးရွာအုပ်စုတွင် ဧက ၁၀၀ နှင့် မြာကျေးရွာအုပ်စုတွင် ဧက ၁၀၀ စိုက်ပျိုးမည်ဖြစ်ပြီး ထိုစိုက်ကေများတွင် GW-11၊ မော်ဘီကောက်ညှင်း၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ ရေဆင်းပေါ်ဆန်းနှင့် မနောသုခ စပါးမျိုးများကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ (၆၀၂)

# တောင်ကြီးမြို့၌ ယာဉ်မောင်း(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ခရိုင်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီလ ၉ ရက်က ယာဉ်မောင်း(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းက အဖွင့်အမှာစကား ပြောကြားရာ၌ မီးသတ်တပ်ဖွဲ့၏မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်များအနေဖြင့် ယာဉ်များမောင်းနှင်ရာတွင် ကျွမ်းကျင်မှုမရှိပါက ပြည်သူလူထုကို ထိရောက်စွာအကာအကွယ်မပေးနိုင်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းများ ထိခိုက်ဆုံးရှုံးမှုမရှိရလေအောင် မီးသတ်ယာဉ်ကို စနစ်တကျကျွမ်းကျင်စွာမောင်းနှင်ပြီး ဌာနမှအားကိုးအားထားပြုရသော ယာဉ်မောင်းများဖြစ်အောင် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ယာဉ်မောင်း(မွမ်းမံ) သင်တန်း တက်ရောက်နေသည့် သင်တန်းသားများကို အားပေးစကား ပြောကြားသည်။

အဆိုပါသင်တန်းကို မီးသတ်ဦးစီးဌာနမှ နည်းပြဆရာများနှင့် ပြင်ပဌာနနည်းပြများဖြစ်သည့် နည်းပညာတက္ကသိုလ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မော်တော်ယာဉ်ဥပဒေ၊ လက်တွေ့ယာဉ်မောင်းနှင်ခြင်း၊ ယာဉ်တစ်စီး၏အခြေခံများဖြစ်သော အင်ဂျင်ဖွဲ့စည်းတည်ဆောက်မှု၊ အင်ဂျင်အလုပ်လုပ်ပုံ၊ အင်ဂျင်အမျိုးအစားနှင့် အဓိကအစိတ်အပိုင်းများ၊ ကြံ့ခိုင်ရေး၊ မွမ်းမံပြင်ဆင်ထိန်းသိမ်းခြင်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီထောက်ပံ့မှုစနစ်များ၊ ချောဆီပေးပို့မှုစနစ်များ၊ ကလပ်နှင့်ဘရိတ်အလုပ်လုပ်ပုံ၊ ရေစုပ်/ရေပက်သင်ခန်းစာများ စသည့်မီးသတ်ယာဉ်နှင့်သက်ဆိုင်သောသင်ခန်းစာများကို တစ်လကြာစာတွေ့၊ လက်တွေ့သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

(၄၀၅)

# ပခုက္ကူမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်း




ပခုက္ကူ ဖေဖော်ဝါရီ ၁၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှမြေ့မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက သင်တန်းသူများကို သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးမြင့်လွင်တို့က ရက်ကန်းပညာရပ်များဖြင့် ကိုယ်ပိုင်လုပ်ငန်းအမှန်တကယ် ထူထောင်လုပ်ကိုင်မည့် ထူးချွန်သင်တန်းသူနှစ်ဦးကို အပ်ချုပ်စက်တစ်လုံးစီ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အခြေခံစက်ချုပ်သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသူများကိုယ်တိုင် ဒီဇိုင်းရေးဆွဲချုပ်လုပ်ထားသည့် အဝတ်အထည်ဒီဇိုင်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး သင်တန်းတွင် စက်ချုပ်သင်တန်းသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံနှင့် အခြေခံချုပ်ရိုးချုပ်နည်းများ၊ စက်နင်းလေ့ကျင့်ခြင်း၊ အမျိုးသမီးဝတ်မြန်မာအင်္ကျီများ၊ ရင်ဖုံးနှင့် ရင်စေ့လက်ဆက်ချုပ်နည်းများ၊ သဘော်သားအင်္ကျီနှင့် ကလေးအင်္ကျီချုပ်နည်းများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

မြဝတီ ကာတွန်း



# အရိပ်

**မစန္ဒာ**



**ယမန်နေ့မှအဆက်**

'နင်ကတော့ ငါ့ကိုသေစေချင်မှာပေါ့ ဂေါ်မစ္စံရဲ့'

'ဘာဂေါ်မစ္စံရမှာလဲ'

'ဂေါ်မစ္စံလို့ ဂေါ်မစ္စံပေါ့'

'အောင်မာ၊ ဘာမစ္စံလို့လဲ'

'စုလှိုင်ကို ပိုးတာလေ၊ နင်စွံလို့လား'

အမာညိုက နိုင်ပေါက်ကိုင်၍ပြောသောအခါ မြတ်ကိုကို၏မျက်နှာသည် နီသွားသည်။ မကျေမနပ်နှင့် မှုန်သွားသောသူ့ကို အမာညိုက ဆောင့်ကြွားကြွား မျက်နှာပေးနှင့် မျက်စောင်းထိုးလိုက်သေးလေသည်။

'ပေါက်ကျိုင်းနယ်ကွာ၊ ဘာလို့များ သူ့လိုဟာမျိုးကို ကြိုက်ရတယ်မသိဘူး'

မြတ်ကိုကိုကလည်း ပြန်၍နိုင်ပေါက်ကိုင်သည်။ အမာညိုသည် ရှက်သွားသော်လည်း မရှက်ချင်ဟန်ဆောင်ကာ ရယ်နေလိုက်သည်။ ပေါက်ကျိုင်းကမူ ကော်ပြန့်ကြော်ကို ပလုတ်ပလောင်းဝါးကာ မကြားချင်ဟန်ဆောင်နေလေသည်။

မိုးက တဖြည်းဖြည်းသည်းလာသည်။ တွန်းလှည်းပေါ်တွင် အုပ်မိုးထားသော ပလတ်စတစ်အမိုးသည် သူတို့အားလုံးကို လုံခြုံအောင်မတတ်နိုင်ပေ။ ထို့ကြောင့် ခွေးခြေလေးပေါ်တွင် ကျုံ့ကျုံ့ထိုင်ရင်း ပက်သမှုမိုးကို ကျောပေးပြီးခံရလေသည်။

'ဒီဇိုင်းက တစ်ပတ်အတွင်း အပြီးတင်ရမှာတဲ့'

မိမိလေးက ညည်းညူပြောရင်း အချိန်ကိုလက်ချိုးရေတွက်နေသည်။ စင်စစ်အားဖြင့် ပြိုင်ပွဲသဘောပင်ဖြစ်သည်။ ပုံစံအမျိုးမျိုးကို အပြိုင်အဆိုင်တင်ပြကြရမည်ဖြစ်ပြီး ဆိုင်ရာလူကြီးများက အကောင်းဆုံးပုံစံကို ရွေးချယ်ပြီး ဆောက်လုပ်စေမည်ဖြစ်လေသည်။

'ဒီမိုးကလည်း ဘယ်တော့မှစဲမှာလဲ၊ ဟော့ကောင်ပေါက်ကျိုင်း၊ မင်းက နဂါးနိုင်ဆိုတော့ တီကောင်တော့ အပျော့ပဲနေမှာပဲ၊ လာစမ်းပါကွ၊ ဒီမှာ ငါ့ခံပေါ် တီတက်နေလို့'

ဆီချက်ခေါက်ဆွဲဆိုင်မှ ကျောင်းသားတစ်ဦးက ခွေးခြေပေါ်တွင်တက်၍ ဆောင့်ကြောင့်ထိုင်ရင်းအော်သည်။

'နဂါးနိုင်မင်းဆိုမှ တီနိုင်မင်းမှမဟုတ်တာဘဲကွ'

ပေါက်ကျိုင်းသည် တီကောင်ဆိုလျှင် အလွန်အသည်းယားသူဖြစ်သည်။ တီသာမက မြွေ၊ ကွျတ်၊ မျှော့ အကုန်လုံး သူကြောက်သည်သာဖြစ်သည်။ ပေါက်ကျိုင်းဟူသောအမည်ကို သူ့အမေက ဘာသဘောနှင့်မှည့်ခေါ်ခဲ့သနည်း၊ စဉ်းစား၍ပင်မရချေ။

အမာညိုသည်ပေါက်ကျိုင်းကိုကြည့်ကာ အကြောင်းမဲ့ရယ်ချင်နေသည်။ ထို့နောက် အကယ်၍သာ သူနှင့် ပေါက်ကျိုင်းရကြလေလျှင် မည်ကဲ့သို့သော အိမ်ထောင်ဖြစ်မည်နည်း၊ ဆက်၍စဉ်းစားမိသည်။ စဉ်းစားရင်း ပျော်သလိုလို၊ စိတ်ရှုပ်သလိုလိုဖြစ်လာသည်။ ယောကျ်ားယူရသောအလုပ်သည် အနည်းဆုံးတော့ စိတ်ဝင်စားဖွယ်ကောင်းပေမည်။ အတူတူရုံးသွားကြမည်။ အတူတူချက်ပြုတ်စားသောက်၊ ထို့နောက် စကားစမြည်ပြောပြီး အိပ်ရာဝင်ရမည်။ နေ့စဉ်နေ့စဉ် ထိုသံသရာကို လည်ပတ်ရမည်ဆိုလျှင်တော့ စဦးပိုင်း ပျော်သလိုလိုရှိသော်လည်း ကြာလာလျှင် ပျင်းနိုင်သည်။ ဩော် မေ့နေသည်။ ယောကျ်ားယူလျှင် ကလေးမွေးရမည်ကို အမာညိုမေ့နေသည်။ ကလေးလေးရလာလျှင်တော့ ပျင်းရိဖွယ်ကောင်းမည်မဟုတ်တော့ပေ။ ကလေးဟူသည်မှာ အိမ်၏ဆည်းလည်းဟုပြောကြသည် မဟုတ်ပါလော။

ထိုနေ့ညက အမာညိုကျောင်းသို့ ပြန်လိုက်မသွားတော့ပေ။ အိမ်သို့သာ တန်းပြန်ခဲ့သည်။ အမာညိုအား ပေါက်ကျိုင်းက လိုက်ပို့လေသည်။

'မာညို ဒို့ကို ခုထိအဖြေမပေးသေးဘူးလား'

အခွင့်အရေးကို ပေါက်ကျိုင်းက လက်လွှတ်မခံချေ။ ပလေဒီယံရုံဘက်နားသို့အရောက်တွင် ခပ်တိုးတိုးမေးသည်။

အမာညို၏မျက်နှာသည် ရှိန်းခနဲပူသွားသည်။ မကြောက်စဖူး သူ့ကိုကြောက်မိသလိုလို ခံစားရပြီး ရင်ဖိုလာသည်။

'ချစ်ရင်လည်း ခေါင်းညိတ်ဟာ၊ မချစ်ရင်လည်း အပြတ်ပြောပေါ့၊ ဒို့ကို အားမနာပါနဲ့'

သုံးနာရီကျော်ကျော် ရုပ်ရှင်ပြီးချိန်မို့ ရုံတွင်းမှလူများ အန်ထွက်လာသည်။ လူသံများက ဆူညံနေသော်လည်း တိုးတိုးလေးပြောသော ပေါက်ကျိုင်း၏အသံသည် အမာညို့နားထဲ၌ အသံအားလုံးကိုလွှမ်းကာ အကျယ်ဆုံးကြားရသည်။

အမာညိုသည် ပျော်သလိုလိုနှင့် စိတ်ရှုပ်မိသည်။ သူ့ကိုယ်သူ သတိမထားမိခင်မှာပင် ဆတ်ခနဲ ခေါင်းညိတ်မိပြီးဖြစ်သွားသည်။

'ဟယ် ဒို့ကိုချစ်တယ်ပေါ့'

'ဟင် ချစ်ဘူး၊ ချစ်ပါဘူး'

အမာညိုက ကယောင်ကတမ်းလေးပြောမိသေးသည်။ အေးစက်နေသောလက်များကို လက်သီးတင်းတင်းလေးဆုပ်ရင်း ခပ်သွက်သွက်လေးလျှောက်လာသည်။ ထို့နောက် မကျေမနပ်နှင့် ငိုချင်စိတ်ပေါက်လာသည်။ အမာညိုသည် ရုပ်ရှင်ထဲ၊ ဝတ္ထုထဲ၌ မြင်ရ၊ ဖတ်ရသလို ပန်းရနံ့များမွှေးထုံနေသောဥယျာဉ်တွင်းဝယ် ချစ်သူအား ရက်စနိုးလေးအဖြေပေးလိုသူဖြစ်သည်။ ခုတော့ 'စီးကရက်ရမယ်၊ ကွာစေ့လှော်မြေပဲလှော်ရမယ်' ဟု တစီစီ တညံညံအော်သံများကြားထဲမှ ချစ်သည့်အကြောင်း အဖြေကိုပေးမိပြီးဖြစ်သွားသည်။ စိတ်ကူးယဉ်ခဲ့ရသော ပန်းကမ္ဘာလေးထဲတွင် ကုလားပဲသုပ်နှင့် သံပရာရည်၊ စီးကရက်နံ့များ မွှန်ထူသွားပြီး မကျေမနပ်ကြီးဖြစ်နေလေသည်။ ပေါက်ကျိုင်းဟူသည့်သူသည် ထိုကဲ့သို့ပင် လူထူထူကြားထဲတွင်မှ နားပူနားဆာလုပ်တတ်သည်ဟုတွေးရင်း မျက်စောင်းခဲလိုက်သည်။

'ဟား ချစ်မျက်စောင်းလား အမာညို'

'ဟုတ်ဘူး၊ နဂါးမျက်စောင်း'

'နဂါးမျက်စောင်း အကြောင်းသုံးပါးမရွေးပေမယ့် ဒီက ပေါက်ကျိုင်းက နဂါးနိုင်မင်းနော် သိရဲ့လား နဂါးမလေးရဲ့'

ပေါက်ကျိုင်းက အချိုးကြနေသည်။ ဒီလိုဆိုပြန်တော့လည်း ကုလားပဲသုပ်နံ့ထဲတွင် ပန်းရနံ့လေးများ မွှေးပျံ့ပါလာသလို အမာညိုထင်မိသည်။ ဆူညံလှုပ်ရှားနေသောလောကကြီးသည် သာယာလှပနေချေသည်။

■ ■ ■ ■ ■

'မမစုလှိုင်'

ညီလင်းညိုကခေါ်လိုက်သောအခါ စုလှိုင်သည် ချာခနဲလှည့်ကြည့်သည်။ သူ့ကိုပြုံး၍ကြည့်နေသော ညီလင်းညိုကို ရုတ်တရက်မှတ်မိဟန်မရှိချေ။

'မမစု ဈေးလာတာလား'

'ဆိုပါတော့'

'ကျွန်တော် ညီလင်းညိုလေ၊ မမှတ်မိဘူးလား၊ အမာညိုရဲ့မောင်၊ ကျော်ထွန်းညိုရဲ့ညီ'

'ဩော်'

အတွန့်ချိုးနေသော စုလှိုင်၏မျက်ခုံးနက်နက်လေးများသည် အတွန့်ပြေသွားကြသည်။

စနေနေ့ဆိုလျှင် ဗိုလ်ချုပ်ဈေးတွင် လူစည်ကားလှသည်။ မိန်းမလှလေးများက ဈေးဝယ်လာကြသည်။ ယောကျ်ားလေးများက မိန်းမလှလေးများကိုကြည့်ရန် လာကြသည်။ စုလှိုင်ကမူ ဈေးမလာဖြစ်သည်မှာ ကြာချေပြီ။ ဒီနေ့တော့ ကျောင်းအပြန် ပျင်းပျင်းရှိသည်နှင့် ဈေးဘက်သို့ရောက်လာခြင်းဖြစ်သည်။ ဘာမျှ မည်မည်ရရဝယ်ရန်မရှိသောကြောင့် မှန်အိမ်တွင်းမှ ရင်ထိုးများကို ကြည့်နေမိသည်။

'ဘာဝယ်မလို့လဲဟင်'

ညီလင်းက စုလှိုင်၏လက်ထဲတွင်ကိုင်ထားသော ကျောက်စိမ်းရင်ထိုးလေးကို လှမ်းကြည့်သည်။ မြမြစိမ်းနေသော ကျောက်စိမ်းအရောင်သည် စုလှိုင်၏ ဖြူဝင်းနေသောလက်ချောင်းလေးများကို ဟပ်နေသည်။ စုလှိုင်လှပုံမှာကား မျက်နှာလေးကိုမဆိုထားနှင့် လက်ချောင်းလေးများကိုပင် တမေ့တမြောအလှကြည့်နေချင်စရာကောင်းသည်ဟု ထင်မိသည်။

'ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပဲ ဟိုကြည့် ဒီကြည့်'

စုလှိုင်သည် သူ့လက်ထဲမှရင်ထိုးလေးကို မှန်အိမ်ပေါ်ပြန်တင်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## တိုက်ကြီးမြို့နယ်၌ စိုက်ပျိုးထားသောဖရဲသီးများ အောင်မြင်ဖြစ်ထွန်းပြီး ဒေသဈေးကွက်၌ ဈေးကောင်းရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်၌ စိုက်ပျိုးထားသော ဖရဲသီးများ အောင်မြင်ဖြစ်ထွန်းပြီး လိုင်လိုင်ထွက်ရှိချိန်တွင် ဒေသဈေးကွက်၌ ဈေးကောင်းရရှိသဖြင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်၌ ဖရဲသီးကို ဆောင်းဦးရာသီတွင် စတင်စိုက်ပျိုးပြီး ဒေသ၏ရာသီဥတုနှင့်ကိုက်ညီသည့် ကလေးကြီးဖရဲမျိုးကို မျိုးစေ့တိုက်ရိုက်ချ၍ စိုက်ပျိုးကာ မစိုက်ပျိုးမီ စိုက်ပျိုးမည့်မြေကို နွားချေး သို့မဟုတ် သဘာဝမြေသြဇာများ ထည့်ပေးရပြီး အပင်တစ်ပင်နှင့်တစ်ပင်ကြား နှစ်ပေခွဲခန့်ခွာ၍ စိုက်ပျိုးရမည်ဖြစ်သည်။

ဖရဲသီးသည် အစိုဓာတ်ရှိသည့်မြေကို ကြိုက်နှစ်သက်သဖြင့် ရေမှန်မှန်သွင်းပေးရန်လိုအပ်ပြီး အပင်ကြီးထွားစေရန် အပင်နှစ်ပေခန့်အရောက်တွင် ပုလဲဓာတ်မြေသြဇာကျွေးပေးရကြောင်း၊ အပင်ငယ်ချိန်တွင် ပိုးမွှားများမကျရောက်စေရန် ပိုးသတ်ဆေးဖျန်းပေးရကြောင်း၊ ပေါင်းပင်များကိုလည်း အချိန်မှန်မှန်ရှင်းပေးရကာ အသီးသီးချိန်တွင် ပိုတက်ဓာတ်မြေသြဇာကျွေးပေးခြင်းဖြင့် အသီးကြီးထွားစေကြောင်းနှင့် စိုက်ပျိုးပြီးသုံးလခန့်အကြာတွင် ဖရဲသီးများခူးဆွတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ခူးဆွတ်ပြီးဖရဲသီးများကို ကားများဖြင့် သွားရောက်သယ်ယူပြီး အဖျောက်-ဥတိုလမ်းဘေးနှင့် ရန်ကုန်-ပြည် ကားလမ်းဘေးတို့၌ ဆိုင်များဖြင့်ခင်းကျင်းရောင်းချကြကြောင်း၊ ဒေသထွက်ဖရဲသီးများသည် အရည်ရွှမ်းပြီး ချိုသဖြင့် လူကြိုက်များကြောင်း၊ ဖရဲသီးအရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအသီးသီးဖြင့် ရောင်းချပြီး ဒေသတွင်းရောင်းချရခြင်း၊ ခရီးသွားပြည်သူများက နေ့စဉ်ဝယ်ယူခြင်းအပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေရရှိရေး ဆိုလာရေတင်ခြင်းလုပ်ငန်း ၅၃ ခု ဆောင်ရွက်ပေးနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်ကျော်ကာလအတွင်း နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာရေတင်ခြင်းလုပ်ငန်း ၅၃ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

"၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကနေ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ နိုင်ငံတစ်ဝန်းမှာ ဆိုလာသီးသန့်ရေတင်ခြင်းလုပ်ငန်း ၁၂ ခုနဲ့ ဆိုလာတွဲဖက်တပ်ဆင်ခြင်းလုပ်ငန်း ၄၁ ခု စုစုပေါင်းဆိုလာရေတင်ခြင်းလုပ်ငန်း ၅၃ ခု၊ ဆိုလာကီလိုဝပ်အနေနဲ့ ၁၀၆၄၃ ဒသမ ၈၇ ကီလိုဝပ် ပြောင်းလဲတပ်ဆင်ပြီးဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းချိုကပြောသည်။

စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်မှာ ရေရရှိရေးဖြစ်သောကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရာသီအလိုက် သီးနှံစိုက်ပျိုးသောတောင်သူများ စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း၌ ဘဏ္ဍာနှစ်အလိုက် ဆိုလာရေတင်ခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**



## ပြည်ထောင်စုအကျိုးရှေးရှု

တိုင်းပြည်သာယာဝပြောရေးအတွက် တိုင်းပြည်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုက ပဓာနကျသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်ထောင်စုအကျိုးရှေးရှုမှုက အခရာကျပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

၁၂.၂.၂၀၂၅



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ပြခန်း၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ပြခန်း၊ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ပြခန်းများအတွင်း MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များ၏ ပြည်တွင်းပြည်ပဈေးကွက်ရရှိရေး တွေ့ဆုံဆွေးနွေးချိတ်ဆက်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

■ ကျောဖုံးမှအဆက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ပြခန်း၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ ပြခန်း၊ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ ပြခန်းများအတွင်း MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များ၏ပြည်တွင်းပြည်ပဈေးကွက်ရရှိရေး တွေ့ဆုံဆွေးနွေးချိတ်ဆက်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုဝန်ကြီးဌာန ပြခန်းများနှင့် အရောင်းပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများကလည်း လိုက်ပါ၍ ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ရှိပြခန်းများနှင့် အရောင်းပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုလေ့လာစဉ်။








## MWD Variety Channel

၁၁-၂-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ဝ၉:၂၀ ရှာဖွေလေ့လာပြတိုက်မှာ အားကစားသမားများ
၂။ ၁၁:၅၀ နိုင်ငံ့ဂုဏ်ရောင် မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှား တပ်မတော်သား
၃။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၇:၄၅ ရောင်စုံပျံ့သင်းစာပန်းခင်း

## မိုးလေဝသ သတင်း



| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဟဲဟိုး | (၀.၇၁)လက်မ |
| ကလော | (၀.၄၉)လက်မ |
| တောင်ကြီး | (၀.၃၉)လက်မ |
| ရမည်းသင်း | (၀.၃၅)လက်မ |
| ဟိုပုံး | (၀.၂၀)လက်မ |
| ပင်လောင်း | (၀.၁၆)လက်မ |
| ညောင်ရွှေ | (၀.၁၂)လက်မ |
| ပင်းတယ | (၀.၁၁)လက်မ |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | (၀.၀၈)လက်မ |
| လွိုင်လင် | (၀.၀၈)လက်မ |
| ရွာင် | (၀.၀၈)လက်မ |
| မြိတ် | (၀.၀၄)လက်မ |

| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၀°C |
| တီးတိန် | ၅°C |
| မိုင်းယန်း | ၅.၇°C |
| ပူတာအို | ၈.၆°C |
| လားရှိုး | ၈.၈°C |
| မချမ်းဘော့ | ၉°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၉°C |
| သီပေါ | ၉.၄°C |
| မိုးညှင်း | ၉.၈°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၁ | ၃၀ |
| ရှမ်း(မြောက်) | ၁၀ | ၃၀ |
| ရှမ်း(အရှေ့) | ၁၅ | ၂၉ |
| ရှမ်း(တောင်) | ၁၄ | ၂၆ |
| ချင်း | ၁ | ၂၃ |
| စစ်ကိုင်း(အထက်) | ၁၃ | ၃၁ |
| စစ်ကိုင်း(အောက်) | ၁၇ | ၃၅ |
| နေပြည်တော် | ၂၁ | ၃၄ |
| မန္တလေး | ၁၉ | ၃၆ |
| မကွေး | ၁၉ | ၃၆ |
| ရခိုင် | ၁၄ | ၃၁ |
| ပဲခူး | ၂၁ | ၃၆ |
| ရန်ကုန် | ၂၂ | ၃၆ |
| ဧရာဝတီ | ၂၁ | ၃၄ |
| ကယား | ၁၄ | ၃၁ |
| ကရင် | ၂၂ | ၃၆ |
| မွန် | ၂၂ | ၃၅ |
| တနင်္သာရီ | ၂၀ | ၃၆ |

# မူကြိုကလေးများ ကာယ ဉာဏစွမ်းရည်မြင့်မားလာစေရန် ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှကြီးမှူး၍ မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည် ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၉ ရက်က လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် အဖွဲ့ဝင်များ၊ အင်းစိန်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရွှေယမင်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မူကြိုကလေးများအား ကာယစွမ်းရည်ပြိုင်ပွဲအဖြစ် ရေသန့်ဘူးခွက်စွပ်ကစားနည်း၊ ပူဖောင်းဖောက်ကစားနည်း၊ အရုပ်ကောက်ကစားနည်း၊ ဉာဏစွမ်းရည်ပြိုင်ပွဲအဖြစ် ဆေးရောင်ခြယ်ခြင်း၊ ပုံပြောခြင်း၊ သီချင်းဆိုခြင်းများကိုယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ဆုရရှိသူများအား အမှတ်တရ လက်ဆောင်များပေးအပ်ကြကြောင်း သိရသည်။

ချမ်းမြေ့

# ဆင်ပေါင်ဝဲမြို့ စည်ပင်သာယာဈေးကြီး၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြ

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့ရှိ စည်ပင်သာယာဈေးကြီး၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို ဖေဖော်ဝါရီလ ၉ရက်က တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများပူးပေါင်းအဖွဲ့က စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးကြိုးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိစစ်ဆေးခြင်း၊ ဈေးဆိုင်ခန်းများ၌ မီးသတ်ဆေးဘူးများထားရှိရန်နှင့် ဈေးအတွင်း ရေလှောင်ကန်၊ ရေစုကန်များအပြင် အပေါ့စားမီးငြိမ်းသတ်စက်များ ကြံ့ခိုင်ကောင်းမွန်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေး စသည့်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်ပြီး ဈေးတာဝန်ရှိသူများနှင့် ဈေးရောင်းဈေးဝယ်ပြည်သူများ မီးဘေးအန္တရာယ်နှင့် တွေ့ကြုံသည့်အခါ အရေးပေါ်ရှေးဦးမီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်စေရန် မီးငြိမ်းသတ်ယာဉ်အသုံးပြုပြီး မီးငြိမ်းသတ်နည်းများကို သရုပ်ပြဓာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ်တို့ကိုအသုံးပြု၍ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် နွေစပါးစိုက်ပျိုးခြင်းသရုပ်ပြ

**ကြံခင်း ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာအုပ်စု အောင်မြင်ကိုင်းအနောက်ကျေးရွာ၌ ပခမ်းနွေစပါးအား မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီလ ၉ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုး၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များက တောင်သူဦးတင်ရွှေ၏ ကွင်းအမှတ် (၄၃) ဦးပိုင်အမှတ် (၇၁/၇၂) လယ်မြေနစ်ကေ၌ ပခမ်းနွေစပါးအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကို ကြည့်ရှုကြသည်။



ထို့နောက် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများက တောင်သူများအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသည် ကြဲခင်းထက် မျိုးစေ့နှုန်းထားလျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန်မရှိခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာရရှိစေခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေခြင်း၊ အသုံးပြုမြေဩဇာ၏ အကျိုးသက်ရောက်နိုင်စွမ်း ပိုမိုကြာမြင့်စေခြင်း၊ ရေကိုပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်နှင့် အထွက်နှုန်း သိသာစွာကွဲပြားခြားနားမှုမရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း အသိပညာပေးပြောကြားကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)


# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသရောင်းချကြသည့် မြန်မာ့ရိုးရာချည်ထည်နှင့် ရိုးရာအထည်အလိပ်လုပ်ငန်းရှင်များ၏ စကားသံများ

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို ပြခန်းပေါင်း ၁၂၀ ကျော်ဖြင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချလျက်ရှိသည်။ အဆိုပါဈေးရောင်းပွဲတော်သို့ လာရောက်ပြသရောင်းချကြသည့် မြန်မာ့ရိုးရာချည်ထည်နှင့် ရိုးရာအထည်အလိပ်လုပ်ငန်းရှင်များ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်-


ဒေါ်သီရိရတနာလှိုင်


ဒေါ်မာမာအောင်


ဒေါ်တင်ဌေး


ဦးမြင့်ကို


ဒေါ်ခင်ခင်မြင့်


ဒေါ်သန်းသန်းစိန်

**ဒေါ်သီရိရတနာလှိုင်၊ လုပ်ငန်းရှင်**
**(ရိုးရာမောင် ချည်ထည်လုပ်ငန်း)**

MSME ပြပွဲမှာဆို လေးနှစ်မြောက် ရှိသွားပြီပေါ့နော်၊ ဒါလေးနှစ်မြောက် MSME ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ထုတ်ကုန်အနေနဲ့ လာရောက်ပြသတာဖြစ်ပါတယ်ရှင့်။ လက်ရှိမှာတော့ နိုင်ငံတော်က ချည်ပေါ့နော်။ ပြည်တွင်းချည် ၂/၈၀ ချည်ကိုပဲ အဓိကထားထုတ်ပြီးတော့ နိုင်ငံခြားချည် ၂/၁၀၀ နဲ့ ပေါင်းပြီး Collaborate လုပ်ပြီးတော့ ဒီဇိုင်းအသစ်ထုတ်ထားတာဖြစ်ပါတယ်။ မနှစ်ကတော့ One Region One Product (OROP) နဲ့ ဝင်ပြိုင်ခဲ့တယ်၊ အခုနှစ်မှာလည်း ပြိုင်ပွဲဝင်ဖို့ စာရင်းပေးထားပါတယ်။ ထုတ်ကုန်တွေ ပြသရတဲ့အတွက်ကြောင့်မို့လို့ ဒီမှာလာတဲ့ လူတွေအကုန်လုံး၊ လုပ်ငန်းရှင်အကုန်လုံး လာရောက်စုစည်းတယ်၊ ပြီးသွားလို့ရှိရင် တစ်နေရာတည်းမှာပဲ Client တွေလည်း အများကြီးတွေ့ရတယ်။ ပြီးတော့ စားသုံးသူတွေအနေနဲ့ ဆိုလို့ရှိရင်လည်း ထုတ်ကုန်ရဲ့ အစစ်အမှန်၊ ပစ္စည်းရဲ့ Quality ကိုလည်း တိုက်ရိုက်ကြည့်ပြီးတော့ တိုက်ရိုက်ဝယ်လို့ရတာပေါ့နော်။ အဲဒါကြောင့်မို့လို့ ဈေးကွက်တွေလည်း အများကြီးပဲရတယ်။ နိုင်ငံတော်အတွက် ချည်ထည်ကနေရရှိမယ့် အကျိုးရလဒ်ကတော့ အဓိကကတော့ Local ကနေပြီးတော့ Export ထိပေါ့နော် မျှော်မှန်းထားပါတယ်။

**ဒေါ်မာမာအောင်၊ လုပ်ငန်းရှင်**
**(P & M မြန်မာ့ရိုးရာချည်ထည်လုပ်ငန်း)**

ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ လာပြီးတော့ ပြသဖြစ်တာပါ။ မြန်မာ့ရိုးရာပေါ့နော်၊ ချည်ထည်လေးတွေကို ဒီဇိုင်းကလည်း ကျွန်မကိုယ်တိုင်ပဲ ထုတ်ပြီး Cutting ကအစ ကိုယ်တိုင်ပဲ လုပ်ထားပြီးတော့ အဲဒါလေးကို ကျွန်မပြသချင်တာပေါ့နော်။ အဲဒါကြောင့် လာဖြစ်တာပေါ့။ ကုန်ကြမ်းကို အင်းလေးကနေယူတာ။ ဒီဇိုင်းပိုင်းတို့၊ Cutting ပိုင်းတို့ကျတော့ ကျွန်မကိုယ်တိုင်ပဲလုပ်တာပေါ့။ အဆင့်ဆင့်ကတော့ Handmade လေးတွေကအစ အစ်မတို့ လုပ်ရတာပေါ့နော်။ အဲဒါလေးကလည်း နည်းနည်းလေး အခက်အခဲလေးတော့ရှိတာပေါ့။ တစ်ခါတလေကျလို့ရှိရင်လည်း ကျွန်မတို့ယူရတဲ့ကုန်ကြမ်းလေးဘာလေးမှာတော့ နည်းနည်းအခက်အခဲရှိတာယ်ပေါ့နော်၊ ဈေးနှုန်းလေးတွေမှာလည်း အဲဒီအခက်အခဲလေးတွေအပေါ်မှာ ငါးရာ၊ တစ်ထောင်လေးပဲ အဲလောက်လေးပဲ ကျွန်မတို့ကွာသွားတာပေါ့။ အဲဒါလေးပဲ အခက်အခဲကတော့ အများကြီးတော့ မရှိပါဘူး။ မြန်မာ့ရိုးရာ ချည်ထည်ကိုပဲ အဓိက မြန်မာမိန်းကလေးတွေအတွက်ပေါ့နော်။ အဲဒါလေးကိုပဲ အဓိကရည်ရွယ်ပြီးတော့ ထုတ်ပြီးတော့ ပြသချင်လို့ ဒီကိုရောက်လာတာဖြစ်ပါတယ်။

**ဒေါ်တင်ဌေး၊ လုပ်ငန်းရှင်( မခါနှင့် ညီမများ သဘာဝဆိုးဆေး ၁၀၀ ရာခိုင်နှုန်း ပိတ်၊ ပဝါရောင်းဝယ်ရေး)**

ဒီသဘာဝဆိုးဆေးနဲ့ ပိတ်ပဝါကို ဝါဂွမ်းကနေစပြီးတော့ သူ့အဆင့်ဆင့်ပေါ့နော်။ ချည်ဖြောင့်၊ ကိုယ်တိုင်ဗိုင်းငင့်၊ လက်နဲ့ဗိုင်းငင့်၊ အဲ့ဒါကနေပြီးတော့မှ အဲ့လိုကိုယ်တိုင်ကိုယ်ကျ ရက်ကန်းခတ်အထည်ဖြစ်တဲ့အထိ အဆင့်ဆင့်လုပ်ဆောင်တာပါ။ ကုန်ကြမ်း ၅၀ ရာခိုင်နှုန်းလောက်ကတော့ ဝါဂွမ်းကို ကိုယ့်ဒေသ ကျေးရွာဒေသကထွက်တဲ့ ဝါဂွမ်းကိုပဲ အသုံးပြုပါတယ်။ ကျွန်မတို့ ကျေးရွာထွက် ဝါဂွမ်းကို ကိုယ်တိုင်ဗိုင်းငင့်ပြီးတော့ အဲ့လိုထုတ်တယ်။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်း ဝါဂွမ်းနဲ့ချည်ကိုတော့ ချည်ဆိုင်တွေကနေ ပြန်ဝယ်ရတယ်။ တစ်နေ့တစ်နေ့မှာဆိုရင် အထည်တွေ၊ ပိတ်ပဝါတွေ ရက်ကန်းခတ်တာ လုပ်သားပေါ်မှာမူတည်ပြီးတော့၊ လုပ်သားအနည်းအများပေါ် မူတည်ပြီးတော့ လူတစ်ယောက် တစ်နေ့ကို ပဝါဆိုရင် ငါးထည်၊ ပိတ်စဆိုရင် ၁၀ ကိုက်၊ ၁၂ ကိုက် အဲ့လိုထွက်တယ် ။ MSME ပြပွဲကို လာရတဲ့အကျိုးကျေးဇူးကတော့ ဖောက်သည်တွေနဲ့တွေ့ရတယ်၊ ပြီးတော့ ဘဏ်တွေနဲ့ ချိတ်ဆက်ပေးတာတို့၊ ဈေးကွက်ချိတ်ဆက်ပေးတာတို့နဲ့ အဲ့ဒီအကျိုးကျေးဇူးတွေကတော့ ယူတတ်သလိုရကြတာပေါ့နော်။

**ဦးမြင့်ကို၊ လုပ်ငန်းရှင်(ခေတ်စံအိမ် မွန်ရိုးရာအထည်လုပ်ငန်း)**

ရိုးရာဝတ်စုံအမျိုးပေါင်း ၁၀၀ ကျော်လောက်ပြသပေးထားတာပါ။ "ခေတ်စံအိမ်" အနေနဲ့ကတော့ ပုဆိုးမှာဆိုရင် ချည်ပေါင်းသားရှိတယ်။ အဆင့်ဆင့်ပေါင်းပြီးတဲ့ ချည်သားနဲ့ ချည်သားပေါ် မူတည်ပြီးတော့ ဈေးအပြောင်းအလဲလေးတွေ ရှိတာပေါ့။




ဒီနှစ်မှာ စတင်ပြီးတော့ လာရောက်ပြသတာဖြစ်ပါတယ်။ ဒီလိုပွဲမျိုးမှာ ပထမဆုံး ပြသရတဲ့အတွက် ရင်ထဲ အတိုင်းမသိတော့ စိတ်လှုပ်ရှားမိတယ်၊ အခုလိုမျိုး ပြပွဲလုပ်ပေးတဲ့အတွက်ဒါက အကုန်လုံးနဲ့ တိုင်းရင်းသားအကုန်လုံးနဲ့ စည်းလုံးညီညွတ်မှုကိုလည်း ပြသစေတယ်၊ နောက် ဒီပွဲမှာဆိုရင် လာတဲ့လူအကုန်လုံးကလည်း ဈေးနှုန်းလည်း သက်သာမှန်ကန်တဲ့ဈေးနှုန်းနဲ့ အကုန်လုံးရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါကတော့ ကျွန်တော့်အနေနဲ့လည်း အရမ်းကိုဂုဏ်ယူပါတယ်။ နိုင်ငံခြားဝင်ငွေ၊ နိုင်ငံခြားကို တင်ပို့ဖို့ ရည်ရွယ်တဲ့အတွက်ကြောင့် နိုင်ငံခြားဝင်ငွေလည်း ပိုမိုပြီးတော့ တိုးပွားစေတယ်။ နောက် ကိုယ့်နိုင်ငံရဲ့ အထည်ကို ကမ္ဘာမှာလည်း ချပြလို့ရတာပေါ့။

**ဒေါ်ခင်ခင်မြင့်၊ လုပ်ငန်းရှင်**
**(အထည်ချုပ်လုပ်ငန်း)**

ချည်ထည်ကို အင်းလေးရက်ကန်းစင်ကနေ တိုက်ရိုက်ယူပြီးတော့မှ အိမ်မှာ ကိုယ်တိုင်ချုပ်တာပါ။ ကိုယ်ပိုင်ဒီဇိုင်းနဲ့ ကိုယ်တိုင်ဦးစီးပြီးတော့ အထည်ချုပ်လုပ်ငန်းလုပ်ပြီးတော့ အထည်ရောင်းချတာဖြစ်ပါတယ်။ ဒါဆို သုံးကြိမ်မြောက်ရှိပါပြီ။ အကျိုးကျေးဇူးရှိပါတယ်၊ ဒီမှာ ဒီလိုရောင်းချခွင့်ရတဲ့အတွက် မိတ်ဆွေတွေတိုးပါတယ်။ လုပ်ငန်းရှင်အချင်းချင်းဖလှယ်ခွင့်ရပါတယ်။ ကျေးဇူးတွေရှိပါတယ်။ ရိုးရာချည်ထည်တွေက ကိုယ့်နိုင်ငံထွက်ပစ္စည်းမို့လို့ တန်ဖိုးထားပြီး အမြတ်တနိုးနဲ့ရောင်းချတဲ့အတွက် ဝတ်ဆင်တဲ့သူ၊ လာဝယ်တဲ့သူတွေကို ကျေးဇူးတင်ပါတယ်။ သူတို့တွေလည်း ကိုယ်ချုပ်ပြီး ဝတ်တဲ့ဟာလေးတွေကို သပ်သပ်ရပ်ရပ် ဝတ်ပေးကြတယ်။ တချို့ နိုင်ငံခြားသွားတဲ့သူတွေဆို Order တွေ မှာကြတယ်။ နိုင်ငံခြားပို့မယ့်သူတွေ ရယ်၊ မန္တလေး၊ ရန်ကုန်က တော်တော်များများမှာကြတယ်။ MSME မှာ လာပြလို့ အဆက်အသွယ်တွေရပြီးတော့ ဒီလိုမျိုးတွေ ပို့ရပါတယ်။ ဒီလိုပွဲမျိုး လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ လူကြီးတွေ ရော၊ ဌာနဆိုင်ရာအကြီးအကဲတွေနဲ့ အသင်းသား၊ အသင်းသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်သန်းသန်းစိန်၊ လုပ်ငန်းရှင်**
**(UKK ပိုးထည်လုပ်ငန်း)**

MSME ပြပွဲက ဘာဖြစ်လို့ပြသလဲဆိုတော့ အမရပူရကနေပြီးတော့ ဒီနိုင်ငံတကာဆီသို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ပေါ့နော်၊ အကုန်လုံးလည်းမြင်စေချင်တယ်၊ ပြီးတော့ ဒီ Product တွေကိုလည်း အကုန်လုံး ဒီမှာတော့အများကြီး တိုင်းဒေသကြီးနဲ့ပြည်နယ် အကုန်လုံးစုံတယ်လေ။ Marketing ပိုပြီး ကျယ်ပြန့်သွားတာပေါ့။ အဲဒါကို ပိုပြီး သိစေချင်တယ်။ ပစ္စည်းကိုလည်း ဒီဇိုင်းမျိုးစုံနဲ့ ထုတ်တဲ့အခါကျတော့ အကုန်လုံးက အားပေးကြတယ်။ အရမ်းလည်း နှစ်သက်ကြတယ်။ နိုင်ငံတကာပြပွဲတွေအထိ ထိုးဖောက်နိုင်သွားပါပြီ။ နောက် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား။ အင်ဒိုနီးရှားမှာ ဆိုလို့ရှိရင် Register လုပ်တာကို သူတို့နိုင်ငံက လက်ခံလိုက်တယ်။ အခုလတ်တလောကတော့ သူတို့လာလာဝယ်ကြတယ်။ ထိုင်းနဲ့လည်းဆင်တယ်လေ။ ချိတ်ကလေးတွေကဆင်တော့ ကမ္ဘောဒီးယားဆိုလို့ရှိရင် အန်တီတို့ဆီက တိုက်ရိုက်အားပေးသွားတယ်။ တော်တော်ကို ဝယ်သွားကြတယ်။ အောင်မြင်တဲ့အဆင့်ရောက်လာတာပေါ့။ နိုင်ငံတကာအထိ ထိုးဖောက်ပြီးတော့ ဆောင်ရွက်မယ်ဆိုတော့လေ MSME Product တွေမှာ ပြသခြင်းဖြင့် အခုဆိုရင် စီးပွားရေးချိတ်ဆက်ရေး ကော်မတီတွေကနေပြီးတော့ နိုင်ငံတကာ သံရုံးတွေနဲ့ ချိတ်ဆက်ပြီးဆောင်ရွက်နေတယ်၊ ဒီလိုချိတ်ဆက်ပြီး လုပ်ခွင့်လည်း ရတယ်။ ပြီးကျတော့ အကုန်လုံးကလည်း နှစ်သက်ကြတဲ့အတွက် ကိုယ့်မြို့ ကိုယ့် အမရပူရအတွက် အများကြီးဝမ်းသာတာပေါ့နော်။ Marketing ကို အမရပူရကနေပြီးတော့ မန္တလေးဈေးချို၊ ဈေးချိုကနေတစ်ခါ ရန်ကုန်၊ ရန်ကုန်ကနေ အခု နိုင်ငံတကာ၊ တော်တော်လေးကို ခက်ခက်ခဲခဲလုပ်ခဲ့ရတယ်။ ဘဝတစ်လျှောက်။ အားလုံးပေါင်း ၃၅ နှစ်လောက်ရှိပြီ။ ဒါ ထိုးဖောက်ခဲ့တာပေါ့နော်။ ဆုတွေကတော့ အများကြီးပဲ။ ASEAN Award လည်းရတယ်။ ၂၀၂၄ က အမျိုးသမီး စွမ်းဆောင်ရှင်များအနေနဲ့ သွားတဲ့ ကမ္ဘောဒီးယားမှာ အဲဒီစွမ်းဆောင်ရှင်ဆုမှာလည်း UKK နဲ့ ဆုရခဲ့တယ်။ နောက် ဒီမြန်မာပြည်မှာကျတော့ မာရဝိဇယ မသိုးသင်္ကန်းပြိုင်ပွဲပေါ့နော်။ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုမှာ နှစ်နှစ်ရှိပြီ အန်တီ ပထမရခဲ့တယ်။ ။

ဇော်မျိုး(မြဝတီ)
ဓာတ်ပုံ - ဖိုးနိုင်

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) တတိယနေ့တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာ







နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် တတိယနေ့ကို ယနေ့ နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရင်ပြင်၌ ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသည်။

"ပြပွဲကို သူငယ်ချင်းတွေနဲ့အတူ ဒုတိယအကြိမ် လာရောက်တာပါ။ ပြပွဲမှာရောင်းချတဲ့ပစ္စည်းတွေရဲ့ ဈေးနှုန်းက အပြင်ကထက် ပိုပြီးသက်သာပါတယ်။ ဒါကြောင့် ကိုယ်နှစ်သက်တဲ့ ရိုးရာအစားအစာတွေဝယ်ဖြစ်ပါတယ်။ ဒေသအစုံက လာရောက်ပြသတဲ့ ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာခွင့်ရတယ်။ ဒီမှာ လေ့လာပြီး သတိထားမိတာက မြန်မာ့ထုတ်ကုန်တွေက အရင်လို သမားရိုးကျမဟုတ်တော့ဘူး။ ဝယ်ယူသူကို ဝယ်ချင်အောင် အရည်အသွေးပိုင်း၊ ထုပ်ပိုးမှုအပိုင်း အားလုံးကို အဆင့်မြှင့်တင်လာကြတာကိုတွေ့ရပါတယ်" ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ မအေးမြတ်သွယ်က ပြောသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများကို ပြခန်းအလိုက် အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသရောင်းချလျက်ရှိသည့်အတွက် ပြပွဲ တတိယနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပြပွဲလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

"ရိုးရာချည်ထည်လုပ်ငန်းကို လာရောက်ပြသတာဖြစ်ပါတယ်၊ အဓိကကတော့ ကျွန်မတို့ ပဲခူးတိုင်းဒေသကြီးကထွက်ရှိတဲ့ အင်းမ၊ ရွှေတောင် အထည်အဝတ်တွေက လူကြိုက်များတယ်။ ဒီဟာတွေကို မူလလက်ရာမပျက်အောင်၊ ခေတ်နဲ့အညီ လူကြီး၊ လူငယ်နဲ့ လူလတ်ပိုင်းတွေ အရွယ်စုံကြိုက်တဲ့ ဒီဇိုင်းမျိုးဖြစ်အောင်ထုတ်လုပ်ပြီး လာရောက်ပြသရောင်းချတာဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်ကတည်းက ပါဝင်ပြသခဲ့တာဖြစ်ပါတယ်။ ဒီပြပွဲကနေတစ်ဆင့် ကုမ္ပဏီ ယူနီဖောင်း၊ ဌာနဆိုင်ရာယူနီဖောင်းနဲ့ ဝန်ကြီးဌာနယူနီဖောင်းတွေ လာအပ်ကြပါတယ်၊ တခြားကုမ္ပဏီတွေနဲ့လည်း အချိတ်အဆက်တွေရရှိပါတယ်။ လက်လီ၊ လက်ကားဖောက်သည်အသစ်တွေ ရရှိပါတယ်။ ထင်ရှားတဲ့အကျိုးရလဒ်ကတော့ ဝယ်ယူသူလက်ထဲရောက်အောင် ထည့်ပေးနိုင်တဲ့အတွက် ထိရောက်တဲ့ Marketing တစ်ခုကို ရရှိတာပါ" ဟု ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပြခန်းတွင် ပါဝင်ရောင်းချသည့် ရိုးရာမောင်အထည်လုပ်ငန်းမှ ဒေါ်သီရိရတနာလှိုင်က ပြောသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသလျက်ရှိသည့် ပြခန်းပေါင်း ၁၂၀ ကျော်တွင် အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများပါဝင်သည့်အပြင် ပြည်တွင်းစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ MSME ထုတ်ကုန်များအတွက် နည်းပညာအထောက်အကူပြုပြခန်းများလည်း ပါဝင်သည်။

"ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာရက်ကန်းတွေရဲ့ အရည်အသွေးမြှင့်တင်နိုင်ဖို့ ဆိုးဆေးနဲ့ ပတ်သက်တာတွေ အထောက်အပံ့ပေးနိုင်အောင်ဆောင်ရွက်နေပါတယ်။ အဓိကကတော့ သမားရိုးကျ လက်နဲ့ဆိုးဆေးဆိုးတာထက် အရည်အသွေး ပိုကောင်းအောင် နည်းပညာနဲ့ စက်ကိရိယာ အသုံးပြုနိုင်အောင်၊ လူနဲ့ပတ်ဝန်းကျင်ကို မထိခိုက်တဲ့ အရည်အသွေးကောင်းတဲ့ ဆိုးဆေးတွေ သုံးအောင်၊ အသုံးပြုပြီးသား ဆိုးဆေးရည်တွေကို စနစ်တကျ စွန့်ပစ်အောင်ဆောင်ရွက်နေပါတယ်။ ပထမဆုံးအကြိမ် ပါဝင်ပြသတာဖြစ်ပေမယ့် ထိရောက်မှုရှိတဲ့ပြပွဲဖြစ်ပါတယ်။ ဒီပြပွဲကနေတစ်ဆင့် ရိုးရာချည်ထည်လုပ်ငန်းတွေတွေ့ဆုံပြီး ဆွေးနွေးဖြစ်ကြတယ်။ အတွေ့အကြုံတွေ ဖလှယ်ကြတယ်။ ကျွန်တော်တို့လုပ်ငန်းမှာ အများစုက ဆိုးဆေးကို ပြည်ပဆိုးဆေးအသုံးပြုတာဖြစ်တဲ့အတွက် လုပ်ငန်းရှင်တွေ အဆင်ပြေအောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူတွေက လမ်းညွှန်ပူးပေါင်းပြီး ကူညီပေးစေလိုပါတယ်။ အခုပြပွဲမှာ ကျွန်တော်တို့လုပ်ငန်းရှင်တွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့လည်း ပွင့်ပွင့်လင်းလင်း နီးနီးနေ့ တိုင်ပင်ခွင့်ရရှိပါတယ်။ သက်ဆိုင်ရာဌာနတာဝန်ရှိသူတွေကလည်း လှိုက်လှိုက်လှဲလှဲ ကူညီဆောင်ရွက်ပေးကြတဲ့အတွက် အားတက်ရပါတယ်။ ဒါကြောင့် တခြားလုပ်ငန်းရှင်တွေကိုလည်း လာမယ့်နှစ်မှာ ပါဝင်ပြသဖို့ အကြံပေးချင်ပါတယ်" ဟု မန်းဇေယျာအောင် ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးမျိုးမင်းထက်က ပြောသည်။

ထိုကဲ့သို့ပြခန်းများအလိုက်ခင်းကျင်းပြသထားသည့် ဒေသအလိုက်ထွက်ရှိသော တိုင်းရင်းသား ရိုးရာအစားအစာများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များအကြောင်းကို ပြခန်းတာဝန်ရှိသူများက သက်ဆိုင်ရာပြခန်းအလိုက် ရှင်းလင်းဆွေးနွေးပေးလျက်ရှိသည်။

"ကိုယ့်ဒေသက ထုတ်ကုန်တွေကိုပြည်သူတွေဆီကို တိုက်ရိုက်ရောင်းချခွင့်ရသလို တိုက်ရိုက်ထိတွေ့ပြီး ကြော်ငြာခွင့်ရတဲ့ပြပွဲပါ။ လုပ်ငန်းရှင်တွေအတွက် အများကြီးအကျိုးပြုပါတယ်၊ ဒီလိုအကျိုးကျေးဇူးတွေရရှိအောင် နိုင်ငံတော်အကြီးအကဲတွေက MSME လုပ်ငန်းတွေကို ဦးစားပေး အားပေးတယ်၊ မြှင့်တင်ပေးတယ်၊ အချိတ်အဆက်ပေးပြီး ဈေးကွက်ရရှိအောင် ကြိုးပမ်းပေးတဲ့အတွက် လုပ်ငန်းရှင်တွေကလည်း ပြပွဲကို အားတက်သရောပူးပေါင်းပါဝင်ကြတယ်၊ ပြခန်းမှာ ဒေသထွက်ကုန်ကြမ်းအရင်းအမြစ်တွေကို ကုန်ချောအဖြစ် ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေကို ခင်းကျင်းပြသထားတယ်။ ဒေသအရင်းအမြစ် ဆန်စပါး၊ ရော်ဘာ၊ ကော်ဖီ၊ OROP ထုတ်ကုန်တွေ၊ အိမ်တွင်းလုပ်ငန်းတွေက ထုတ်လုပ်တဲ့ ဒေသအစားအသောက်တွေ၊ သစ်မွှေးနဲ့ စက်မှုထုတ်ကုန်ပစ္စည်းတွေ၊ ပြည်နယ်စက်မှုဇုန်မှာ တပ်ဆင်ပြီး မြန်မာတစ်နိုင်ငံလုံး တပ်ဆင်ဖြန့်ဝေနေတဲ့ BAJA အမှတ်တံဆိပ် သုံးဘီးနဲ့ မော်တော်ယာဉ်တွေ၊ အော်ဂဲနစ်မြေသြဇာနဲ့ ဥစားကြက်တွေအတွက် ကယ်ဆီယမ်အားဖြည့်ကြက်စာတွေလည်း ပါဝင်ပြသထားပါတယ်။ ဒါ့အပြင် တိုင်းရင်းသားရိုးရာအစားအစာတွေကိုလည်း ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမယ့်အပြင် ကရင်ပြည်နယ်ရဲ့ တောတောင်ရေမြေ သဘာဝအလှအပကိုလည်း တစ်ခါတည်း ပေါင်းပြီး ပြသထားပါတယ်။ ဒါကြောင့် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ပြောသည်။

ယနေ့တွင် ပြပွဲလာပရိသတ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာအရောင်းဆိုင်များရှိ ဒေသအလိုက် အစားအသောက်များ၊ တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများကို နှစ်သက်စွာဝယ်ယူအားပေးခဲ့ကြပြီး ပြခန်းများနှင့် အရောင်းဆိုင်များတွင် ဝယ်ယူအားပေးသူပြည်သူများဖြင့် စည်ကားနေသည်။

"ကျွန်တော်တို့ ပြခန်းမှာ ပြသရောင်းချတဲ့ မကွေးဒေသထွက်ပစ္စည်းတွေကို လူကြိုက်များတယ်။ ဒေသအစားအစာတွေကို အားပေးကြတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြခန်းမှာ စားသောက်ကုန်ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ လယ်ယာသုံးစက်ကိရိယာတွေပါပါတယ်။ ပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးကနေ ပြည်ပကိုတင်ပို့နေတဲ့ သနပ်စင်ပြီးနှမ်း၊ နှမ်းလှော်မှုန့်၊ အခွံချွတ်နှမ်း၊ ချည်ထည်ပစ္စည်း၊ ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည် စတာတွေလည်း ပါပါတယ်။ လုပ်ငန်းရှင်တွေအတွက်ပြည်တွင်းဈေးကွက်ကနေ ပြည်ပဈေးကွက်ကို တက်လှမ်းပြီး နိုင်ငံကိုအကျိုးပြုနိုင်ဖို့ ဒီပြပွဲက အများကြီးအထောက်အကူပြုပါတယ်။ ဒါကြောင့် ပါဝင်ပြသကြတဲ့ လုပ်ငန်းရှင်တွေက တက်တက်ကြွကြွရှိကြတယ်။ MSME လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေအကြား B2B Business Matching ကဏ္ဍတွေမှာ ချေးငွေရရှိမှုအပိုင်းတွေ၊ ဈေးကွက်ရရှိမှုအပိုင်းတွေမှာ အဆင်ပြေချောမွေ့အောင် ဒီပြပွဲကနေ ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ဒီလိုပြပွဲတွေကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးပါလို့ ပြောလိုပါတယ်" ဟု မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်က ပြောသည်။

ပြပွဲလာပြည်သူများအေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် ညပိုင်းတွင် နိုင်ငံကျော် အနုပညာရှင်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပေးသည့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ပထမနေ့၊ ဒုတိယနေ့နှင့် တတိယနေ့ သုံးရက်တာအတွင်း ပြခန်းများနှင့် အရောင်းဆိုင်များမှ ငွေကျပ်သန်းပေါင်း ၁၀၀၀၀ ကျော် ရောင်းချခဲ့ရပြီး ယနေ့ ပြပွဲ တတိယနေ့သို့ လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်သူ ၁၀၈၀၀၀ ကျော်ရှိကြောင်း သိရသည်။

**အောင်မင်းဟန်၊ ကျော်စွာဝင်း၊**
**ဓာတ်ပုံ- အောင်လှိုင်ဝင်း**

**စည်းလုံးခြင်းသည်**
**အင်အား၊**
**ညီညွတ်ခြင်းသည်**
**စွမ်းအား၊**
**ငြိမ်းချမ်းခြင်းသည်**
**အလှတရား။**



ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးရှေ့ မီးပွိုင့်လမ်းဆုံ၌ ဖေဖော်ဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာဆိုင်းဘုတ်စိုက်ထူစဉ်။

ဝေယံ-ဇလွန်(ပြန်/ဆက်)

# မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး RC(၁)ထပ် အဆောက်အအုံ ဖွင့်ပွဲကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၁၀

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး RC (၁)ထပ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်တွင် အဆိုပါရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



ရှေးဦးစွာ မော်လမြိုင်မြို့ ဇေယျာမြိုင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး RC(၁)ထပ် အဆောက်အအုံအား ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းထွေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်၊ ဇေယျာမြိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ငွေးနှင့် အေးကျော့မေကုမ္ပဏီ လီမိတက်ဒါရိုက်တာ ဦးဟိန်းမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အေးကျော့မေ ကုမ္ပဏီလီမိတက် ဒါရိုက်တာဦးဟိန်းမင်းဦးက ရုံးအဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ငွေး ထံလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူး နှင့်တာဝန်ရှိသူများက ကမ္ပည်း မော်ကွန်းအား အမွေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဇေယျာမြိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ဂန့်ဂေါ ဖေဖော်ဝါရီ ၁၀

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ပြည်သူ့အားကစားကွင်းကြီး၌ ခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဖလား အမျိုးသားအလွတ်တန်းဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် အမှတ်(၄) အသင်းနှင့်ပြစ်မအသင်းတို့ယှဉ်ပြိုင်ကစား ကြရာ အမှတ်(၄)အသင်းမှ ပြစ်မအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က ဘောလုံးပြိုင်ပွဲပြီးဆုံးအောင် ဆောင်ရွက်ပေးခဲ့သည့် ဒိုင်လူကြီးများနှင့် လုံခြုံရေးတာဝန်ဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ဂုဏ်ပြုဆုများ ပေးအပ်ကာ ပွဲစဉ်တစ်လျှောက်အကောင်းဆုံး ကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းကစားသမားဆု၊ အကောင်းဆုံးအလယ်တန်းကစားသမားဆု နှင့် အကောင်းဆုံးရှေ့တန်းကစားသမား ဆုတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များက ပေးအပ်သည်။ ယင်းနောက် ဗိုလ်လုပွဲတွင် ဒုတိယဆုရရှိသည့်ပြစ်မအသင်းအားလည်ဆွဲ ဆုတံဆိပ်များကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ကျော်ဆွေဦးကလည်းကောင်း၊ ငွေသားဆုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ် ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်ကလည်းကောင်း၊ ပထမဆုရရှိသည့် အမှတ်(၄)အသင်းအား လည်ဆွဲဆုတံဆိပ်များ၊ ငွေသားဆုနှင့်ဆုဖလားတို့ကို ခရိုင်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်ကလည်းကောင်း အသီးသီး ပေးအပ်ကြသည်။

အဆိုပါ ခရိုင်အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲများကို ဇန်န ဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၉ ရက်အထိ ခရိုင်ပြည်သူ့အားကစားကွင်းကြီး၌ ကျင်းပ ခဲ့ကြောင်းသိရသည်။ **မောင်မျိုးမင်း**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုကဗျာ

## သမိုင်းလှသည့် ပြည်ထောင်စု

♦ ပြည်ထောင်စုကြီး၊ စုစည်းခိုင်မာ
တိုင်းရင်းသားချင်း၊ ရိုင်းပင်းပြည်မြန်မာ
လက်တွဲညီညာ၊ မဟာဆွေမျိုး။
စည်းလုံးအားအင် ကျောက်သားသွင်
ချစ်ခင်နှောင်ကြိုး တိုးသည်နှင့်လေး။

♦ ဂုဏ်ရည်မညှိုး၊ ပြည်ကျိုးဆောင်ညီ
တစ်ရေတည်းသောက်၊ လှမ်းလျှောက်ပန်းတိုင်ဆီ
ထောင်ချီနှစ်ရှည်၊ ချစ်ကြည်ငြိမ်းချမ်း။
ငွေချိုးကူသံ မိုးလုံးညံ
နိုင်ငံအနှံ့ လွှမ်းသည်နှင့်လေး။

♦ ကြမ္မာညှိုးနွမ်း၊ သည်းကျွမ်းဖွယ်ကြုံ
ကုန်းဘောင်ခေတ်ဆုံး၊ ထီးသုဉ်းပြည်မှောက်ကုန်
မီးလျှံမျိုးစုံ၊ အဟုန်ထန်ပြင်း။
နယ်ချဲ့ရန်သူ ပြည်ဖျက်ဆူ
ဆူပူနှိပ်စက် ညှဉ်းသည်နှင့်လေး။

♦ ညီနောင်သွေးချင်း၊ စစ်ခင်းစေလို
နယ်ချဲ့ဆိုးကျား၊ ခွဲခြားသပ်ရိုက်လျှို
ယိုင်လဲမပြို၊ ရန်ကိုမြစ်ဖြတ်။
နှံ့နစ်မခံ ဇာတိမာန်
တော်လှန်အောင်ပွဲမြတ်သည်နှင့်လေး။

♦ မြန်ပြည်ဂုဏ်ဒြပ်၊ လွတ်လပ်စေရန်
ပြည်ချစ်အောင်ဆန်း၊ ကြိုးပမ်းမျိုးချစ်မာန်
သူ့ကျွန်မခံ၊ ပြန်လှန်ဆွေးနွေး။
ရှမ်းပြည်ရိပ်မြုံ ညီညွတ်ဆုံ
ပင်လုံစာချုပ်ရေးသည်နှင့်လေး။

♦ ကျူးရင့်မြတ်လေး၊ သက်ပေးရင်းသည်
လွတ်လပ်ရေးတွက်၊ ပန္နက်ခိုင်မာတည်
ဖေဖော်ဝါရီ၊ ခိုင်ကျည်တစ်ဆယ့်နှစ်။
ပြည်ထောင်စုမာန် အဓိဋ္ဌာန်
သင်္ကေတနိမိတ်ဖြစ်သည်နှင့်လေး။

♦ တိုးချစ်စံပြု ညီနောင်ထု မရိုင်းကြတော့သည်။
မျိုးစစ်မှန်စု ပြည်ထောင်စု သမိုင်းလှတော့သည်။ ။

**မောင်မင်းသိမ်း(သရက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၂-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၈။ | ၁၈:၂၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၉။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

# မန္တလေးမြို့၌ (၃၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၃၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီး၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်းပထမပြန် စာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ပင့်သံဃာတော် ဆရာတော်များ၊ စာအောင်သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက သန်လျင်မြို့နယ် မင်းကျောင်းပထမပြန် စာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၏ သမ္ဗောဒနီယ သာရဏီယသြဝါဒကထာကိုနာယူကြည်ညို၍ ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အမှူးပြုသော ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ၁၃၈၆ ခုနှစ်(၂၀၂၅ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် ဓမ္မာစရိယအထူးအောင် လေးပါး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါးတို့အား ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်အပ်နှင်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဓမ္မာစရိယ မြန်မာဂုဏ်ထူးအောင် ၁၃ ပါး၊ ဓမ္မာစရိယ ရိုးရိုးအောင် ၁၁၄၇ ပါး/ဦး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အထူးအောင် (လူပုဂ္ဂိုလ်) ကိုးဦးတို့ကို ဘွဲ့လက်မှတ်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များနှင့် ဧည့်ပရိသတ်များက စာအောင်ပုဂ္ဂိုလ်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ Hotel -Training (Housekeeping) နှင့် (Waiter & Waitress) သင်တန်းဖွင့်ပွဲနှင့် DE INFINITY Co.,Ltd. ၏ ပြောင်းအခြောက်ခံစက်ရုံဖွင့်ပွဲကျင်းပ



**တောင်ကြီး ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန၌ကျင်းပသည့် ရှမ်းပြည်နယ် အလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ Hotel–Training (Housekeeping) နှင့် (Waiter & Waitress) သင်တန်းဖွင့်ပွဲသို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးကော်မတီနာယကပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး Hotel–Training (Housekeeping)သင်တန်းအတွက် စားသောက်စရိတ်ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က Hotel–Trainig(Waiter & Waitress) သင်တန်းအတွက် စားသောက်စရိတ်ထောက်ပံ့ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့နယ် အေးသာယာမြို့စက်မှုဇုန်ရှိ DE INFINITY Co., Ltd. ၏ ပြောင်းအခြောက်ခံစက်ရုံဖွင့်ပွဲသို့တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြောင်းအခြောက်ခံစက်ရုံကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ရုံအားလှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် တောင်ကြီးမြို့ မြေအောက်ရေအထောက်အကူပြုအဖွဲ့မှ တောင်ကြီးမြို့၏ ရေအရင်းအမြစ်များနှင့် မြို့ပြသွင်ပြင်ရပ်ဝန်းကို လေ့လာခြင်းစာအုပ်ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တောင်ကြီးမြို့၏ ရေအရင်းအမြစ်များနှင့် မြို့ပြသွင်ပြင်ရပ်ဝန်းကို လေ့လာခြင်းစာအုပ်များကို အလှူရှင် ဦးစံလင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ လှူဒါန်းပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးမြို့၏ ရေအရင်းအမြစ်များနှင့် မြို့ပြသွင်ပြင်ရပ်ဝန်းကို လေ့လာခြင်းစာအုပ်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့ပေါ်ရှိ စာကြည့်တိုက်များ၊ Company များ၊ မြို့ပေါ်ရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များသို့ ဆက်လက်ပေးအပ်ရာ တာဝန်ရှိသူက လက်ခံရယူကြပြီး မြေအောက်ရေအထောက်အကူပြုအဖွဲ့က ပြည်နယ်ဝန်ကြီးချုပ်အား ဂါရဝပြုအမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက တောင်ကြီးမြို့ မြေအောက်ရေထိန်းသိမ်းရေးအတွက် ဖွဲ့စည်းဆောင်ရွက်ထားသည့် ကော်မတီအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရေထိန်းတော ဧရိယာထိန်းသိမ်းနိုင်ရေး ဥပဒေအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် | |
|---|---|---|
| နေပြည်တော် | ၂၀˚c / | ၃၄˚c |
| ရန်ကုန် | ၂၂˚c / | ၃၆˚c |
| မန္တလေး | ၁၉˚c / | ၃၆˚c |

-------------------------

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

(မိုး/ဇလ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၂-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၃၅ | ၂၄၅၀ | ၂၄၁၅ | ၂၃၅၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၉၀ | ၂၄၀၅ | ၄၅၀၅ | ၂၇၀၀ | ၂၄၂၅ | ၂၅၆၅ | ၂၄၉၅ | ၂၄၆၀ | ၂၄၈၅ | ၂၇၄၀ |
| 95 Ron | ၂၄၀၀ | ၂၅၁၀ | ၂၄၈၀ | ၂၄၁၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၅၀ | ၂၄၇၀ | ၄၅၆၀ | ၂၇၆၀ | ၂၄၈၅ | ၂၆၂၅ | ၂၅၅၅ | ၂၅၂၀ | ၂၅၄၅ | ၂၈၀၀ |
| HSD (500 ppm) | ၂၄၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၄၇၅ | ၂၅၈၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၃၀ | - | ၂၈၂၅ | ၂၅၅၀ | ၂၉၀၀ | ၂၆၂၀ | ၂၅၈၅ | ၂၆၀၅ | ၂၈၆၅ |
| HSD (50 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၅ | ၂၈၁၅ | ၄၈၃၀ | ၃၁၀၅ | ၂၈၃၀ | ၂၉၉၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၉၀ | ၃၁၄၅ |
| HSD (10 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၅ | ၂၈၁၅ | - | ၃၁၀၅ | ၂၈၃၀ | ၂၉၉၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၉၀ | ၃၁၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၆၂ |
| 95 Ron | ၂၂၄၅ | ၂၃၂၃ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၈၁ |
| HSD (50 ppm) | ၂၅၇၈ | ၂၆၆၀ |
| HSD (10 ppm) | ၂၅၇၈ | ၂၆၆၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၉) ဖွင့်လှစ်





နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ရှိရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းများကို မွေးထုတ်ပေးနိုင်ရေးအတွက်ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် အခြေခံသင်တန်း၊ ကာလတိုသင်တန်းများအပြင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းများကို (၈)ကြိမ်အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးအဆင့် အရာထမ်းသင်တန်းသား ၂၇၇ ဦး တက်ရောက်ခဲ့ကြပြီးဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် လုပ်ငန်းနယ်ပယ်တွင် လက်တွေ့ပြန်လည်အသုံးချရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရန် ကြိုးစားလေ့လာသင်ယူသွားကြရန်တိုက်တွန်းကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့်ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၉) သို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာတာဝန်ခံ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၃၈ ဦး ပါဝင်တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ပေါင်း ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်ရင်ပြင်တွင်ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်းစီးပွားချိတ်ဆက် (Business Matching) ပြခန်း ဆက်လက်ပါဝင်ပြသ



နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရင်ပြင်၌ ကျင်းပသည့်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင်တည်ထောင်သည့်အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင်ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချနိုင်သည်အထိ ချိတ်ဆက်နိုင်မည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဌာနများဖြစ်သည့်ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့်အခြားဦးစီးဌာနများ၌ တင်သွင်း၊ တင်ပို့မှုဆိုင်ရာထောက်ခံချက်ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကိုပြည်တွင်းရှိလက်လီ၊ လက်ကားဆိုင်များဖြစ်သည့် MaKro၊ City Mart၊ One Stop Mart၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခုစတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေးဆောင်ရွက်ရာတွင် လိုအပ်သည့်ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့်ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့်ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ထုတ်ကုန်များ ပြည်ပဈေးကွက် ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေးစေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ပြပွဲတတိယမြောက်နေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၉၀ ဦး ၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လက်လီ၊ လက်ကား ၁၁ ဆိုင်နှင့်တွေ့ဆုံသည့်လုပ်ငန်းရှင် ၅၉ ဦး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ ဘဏ် ၁၄ ခုနှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၅၆ ဦး၊ ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လုပ်ငန်းရှင် ခုနစ်ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒိုမာတင်ကယ်လီရိုအက်စကိုစီယာနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးတို့အား ဒုတိယဝန်ကြီး ဦးကိုကိုကျော် သီးခြားစီလက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နီကာရာဂွါသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒိုမာတင်ကယ်လီရိုအက်စကိုစီယာနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေး တို့အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒိုမာတင်ကယ်လီရိုအက်စကိုစီယာနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများ အပြန်အလှန်ဖွင့်လှစ်နိုင်ရေး၊ နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပါအဝင် မြန်မာ-နီကာရာဂွါ နှစ်နိုင်ငံအကြားရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးတို့အပေါ်ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာတည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးမြှင့်စေရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## (၁၀-၂-၂၀၂၆) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၀

လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပလျက်ရှိသည့် နေပြည်တော်ရင်ပြင် ကွပ်ကဲရေးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က MSME များ ထုတ်လုပ်မှုလုပ်ငန်းစဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကုန်ကြမ်းများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော မြေနေရာရရှိရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် စိုက်နည်းစနစ်များမှန်ကန်မှသာ အထွက်နှုန်းတိုးတက်မည်ဖြစ်၍ နည်းပညာများကိုလည်း မျှဝေဖြန့်ဝေပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား ပြည်ပမှတင်သွင်းရမှုကို လျှော့ချနိုင်ရန်အတွက် သုတေသနပြုလုပ်ခြင်း၊ စမ်းသပ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ရရှိလာသည့်နည်းပညာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယခုပြပွဲတွင် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီးဖြစ်၍ အားနည်းချက်များကို ပြုပြင်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက စပါးများစိုက်ပျိုးရာတွင် ကြဲပက်သည့်စနစ်နှင့် အစေ့ချစိုက်ပျိုးသည့်စနစ်တို့သည် အထွက်နှုန်းတူညီမှုမရှိကြောင်း၊ ထို့ကြောင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် အစေ့ချစိုက်ပျိုးသည့်စနစ်၊ ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပေါင်းနုတ်ပေါင်းရှင်းစက်ပစ္စည်းကိရိယာများကိုလည်း သုတေသနပြု၍ စမ်းသပ်တီထွင်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံများလေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် အချိန်မီရိတ်သိမ်းနိုင်ရေးအတွက်ကိုလည်း စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ လက်ဆွဲမျိုးစေ့ချစက်အသုံးပြု၍ စိုက်ပျိုးပါက သတ်မှတ်ထားသည့်ပမာဏအတိုင်း အသုံးပြုနိုင်ရေး ချိန်ညှိဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်မီစိုက်ပျိုးရိတ်သိမ်းနိုင်၍ လေ့လွင့်မှုမရှိသဖြင့် အထွက်နှုန်းတိုးတက်လာကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ထုတ်ကုန်ပစ္စည်းများ အမြောက်အမြားထုတ်လုပ်နိုင်ရေးအတွက် အခြေခံဖြစ်သည့် ဒီဇိုင်းပုံစံများကို စနစ်တကျရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်လျှင် အောင်မြင်တိုးတက်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများသည် လက်တွေ့နယ်ပယ်တွင် အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ခြင်း၊ သုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ခြင်း၊ ထိုက်သင့်သည့်ကာလတစ်ခုအထိ အသုံးပြုနိုင်ရန်လိုအပ်ခြင်း၊ စက်အရန်ပစ္စည်း လွယ်ကူစွာရရှိရန်လိုအပ်ခြင်း၊ ဈေးနှုန်းသက်သာခြင်း စသည်တို့နှင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုကျင်းပသည့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သည် သာမန်ထုတ်ကုန်ပစ္စည်းပြသရောင်းချခြင်းမဟုတ်ဘဲ နိုင်ငံတော်အကြီးအကဲ၏ ချမှတ်ထားသည့်မူဝါဒကို အကောင်အထည်ဖော် လက်တွေ့ပြသသည့် အမျိုးသားအဆင့်ပြပွဲတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်ထွက်ကုန်များကို အသုံးပြု၍ ထုတ်လုပ်မှုနည်းစဉ်များဖြင့် ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးပြည့်မီသည့် လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်ပေးရန်လိုအပ်ကြောင်း၊ ပြည်တွင်း၌ လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား ပြည်တွင်း၌ ထုတ်လုပ်နိုင်လျှင် သွင်းကုန်အစားထိုးနိုင်ခြင်း၊ ထုတ်လုပ်မှုအချိန်တိုတောင်းခြင်း၊ စက်အရန်ပစ္စည်းများ လိုအပ်သည့်အချိန်တွင် ရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့်လုပ်ငန်းရှင်များအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေး ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်းနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများ၊ လုပ်ငန်းရှင်များက တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လယ် ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်နေမှု၊ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်ဂျူဒိုအားကစားအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့က နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလှူရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်ဂျူဒိုအားကစားအဖွဲ့မှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်နိုင်ရေးအတွက် ငွေကျပ်သိန်း ၇၀၀ ပေးအပ်လှူဒါန်းခဲ့သည့် အောင်မြန်မာဟိန်းကုမ္ပဏီလီမိတက်မှ ဦးရဲမင်းသူထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက်ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့က (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဂုဏ်ပြုပွဲတွင် ဂုဏ်ပြုဆုချီးမြှင့်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ စီ ပေးအပ်လှူဒါန်းခဲ့သည့် သီရောမဏိကုမ္ပဏီလီမိတက်နှင့် မဟာရွှေဇမ္ဗူကုမ္ပဏီလီမိတက်မှဒေါက်တာဇော်ထွန်းနိုင်နှင့် စီးပွားရေးလုပ်ငန်းရှင်ဦးလောတီတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသမီး -၇၈ ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် အေးအေးအောင်၊ အမျိုးသား - ၅၅ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် ထိုက်ထိုက်ကျော်၊ အမျိုးသား နှစ်ယောက်တွဲ ခတပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် လရောင်ရှန်နှင့် လှိုင်မင်းခန့်၊ အမျိုးသား+အမျိုးသမီးအသင်းလိုက်(Mixed Team)ပြိုင်ပွဲတွင်ကြေးတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမားများ၊ -၅၇ ခတနှင့်အတိုက်ပြိုင်ပွဲ နှစ်ခုလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီး အငယ်ဆုံးအားကစားသမားဆုရရှိသည့် အိအိသဇင်ဇော်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြပြီး ဆုရအားကစားသမားများကိုယ်စားငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုရရှိခဲ့သည့် အေးအေးအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်အနေဖြင့် ဂျူဒိုအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရမြန်မာဂျူဒိုနည်းပြများနှင့် အားကစားသမားများအတွက် စုစုပေါင်းငွေကျပ်သိန်း ၂၃၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ယမန်နေ့က ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ ကျင်းပသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်အားပေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီးများနှင့် အမှတ်ပေးဒိုင်လူကြီးများက ပြိုင်ပွဲဝင်အသင်းများ ခင်းကျင်းထားသည့် ပါဝင်ပစ္စည်းများနှင့် အချိုးအစားအလိုက် ပြင်ဆင်ထားရှိမှုကို စစ်ဆေးအတည်ပြုကြပြီး ပြိုင်ပွဲကိုစတင်ကျင်းပသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဌာနခွဲများအလိုက် ကိုယ်စားပြုအသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုနှင့် ဝန်ထမ်းများက အဖွဲ့လိုက် ပြိုင်ပွဲဝင်အသင်းများအား သံချပ်များ၊ အိုးစည်၊ ဒိုးပတ်များဖြင့် အားပေးနေမှုကို ကြည့်ရှုအားပေးကြပြီး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြည့်ရှုအကဲဖြတ်အမှတ်ပေးကာ ဆုရရှိသည့် အသင်းများအား ဆုံးဖြတ်ရွေးချယ်ပေးသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နှစ်သိမ့်ဆုနှင့် ဂုဏ်ပြုဆုများ ရရှိခဲ့သည့် အသင်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က တတိယဆုရရှိသည့် အားကစားနှင့်ပညာရေး ပေါင်းစပ်ဌာနခွဲအသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက ဒုတိယဆုရရှိသည့် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေး ဌာနခွဲ(၁)အသင်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ပထမဆုရရှိသည့် စီမံရေးရာနှင့်ဘဏ္ဍာရေးရာဌာနခွဲအသင်းကိုလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး

# ကမ္ဘာတည်သရွေ့အတူရှိနေမည့်သင်္ကေတတစ်ခု

ထက်ဝေအောင်(စစ်ကိုင်း)

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြင့် စုစည်းထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားများ၏ ချစ်စရာရိုးရာဓလေ့၊ ယဉ်ကျေးမှုအစရှိသောအလှကိုယ်စီဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာတည်ရှိမှုက သမိုင်းသက်သေခံလျက်ရှိသည်။ လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ်တည်ရှိနေခြင်းသည် အလွန်ဂုဏ်ယူဖွယ်ကောင်းလှသည်။ တိုင်းရင်းသားအားလုံးသည် အထွတ်အမြတ်လွတ်လပ်ရေးရယူလိုစိတ်ဖြင့် နယ်ချဲ့ရန်စွယ်အန္တရာယ်မှန်သမျှကို ရှုပ်ရှုပ်ချွံချွံ အသက်စွန့်လွတ်တိုက်ပွဲဝင်ဆောင်ရွက်မှုဖြင့် နိုင်ငံ့သမိုင်းကို ဂုဏ်တက်စေခဲ့သည်။ တိုင်းတစ်ပါးသားတို့၏ရန်စွယ်များကို ပြည်ထောင်စုသားအားလုံး လက်တွဲကာကွယ်နိုင်စွမ်းအားဖြင့် ရိုက်ချိုးပြသနိုင်ခဲ့သည်။

သို့တိုင် နယ်ချဲ့တို့၏ ပရိယာယ်သုံးလက်တစ်လုံးခြားအစီအမံများဖြစ်သည့် မြေပြန့်၊ တောင်တန်းဒေသ သွေးခွဲထားရှိမှုပြဿနာသည် ယနေ့တိုင် မငြိမ်းနိုင်သည့် မီးတောက်တစ်ခုပမာတည်ရှိနေဆဲဖြစ်သည်။ ခွဲထွက်လိုစိတ်များဖြင့် ပွဲထွက်အောင်ကြံဆောင်သူများ၏ မီးလောင်ရာလေပင့်မှုကြောင့် ပြည်ထောင်စုကြီး ဒဏ်ရာအနာတရမဖြစ်ရန်လိုပေသည်။ သွေးချင်းတို့ပေါင်းစုအားဖြင့်ရယူခဲ့သည့် လွတ်လပ်ရေးကြီးလည်းရရှိခဲ့ပြီဖြစ်သည်။ ခွဲနေ၍မရ အတူယှဉ်တွဲနေထိုင်မှသာ ပြည့်အင်အားအဖြစ် ရှုမြင်ရမည်ဖြစ်သည်။ သားစဉ်မြေးမြစ် အသိအမြင်မမှားရေး၊ နိုင်ငံတော်ကြီးစဉ်ဆက်မပြတ်တိုးတက်ရေး တိုင်းရင်းသားအားလုံး၏ပူးပေါင်းအင်အားဖြင့် ဦးတည်ဆောင်ရွက်ကြရမည့်အချိန်ကာလလည်းဖြစ်သည်။

စုစည်းခြင်းသည်သာအောင်မြင်မှုကိုဖြစ်စေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် သမိုင်းနောက်ခံအချက်အလက်ပုံစံအမျိုးမျိုးဖြင့် မိမိနိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ဦးတည်ဖော်ဆောင်ခဲ့ကြသည်။ မတူကွဲပြားမှုအလွှာများကို အတတ်နိုင်ဆုံးလျှော့ချ၍ သင့်တော်သောနည်းလမ်းများကို ရွေးချယ်အသုံးပြုသွားကြသည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများကိုကြည့်ပါလျှင် မိမိနိုင်ငံအောင်မြင်မှုရရှိရေးအမျိုးသားရေးစိတ်ဓာတ်ဖြင့် ရေကုန်ရေခန်းကြိုးပမ်းကြသည်။ ပေါင်းစည်းသောပုံစံဖြင့် နိုင်ငံကိုကိုယ်စားပြုခဲ့ကြသည်။ စနစ်ကောင်းကိုချီတက်အရောက်သွားရာတွင် နည်းစနစ်မှန်ကန်သောအရွေ့ဖြင့်စတင်၍ ငြိမ်းချမ်းသောလူ့ဘောင်သစ်ကို ရွေးချယ်အသုံးပြုသွားရမည်ဖြစ်ပေသည်။ အားနည်းချက်များကိုအဖြေရှာ၍ အားသာချက်ဖြစ်အောင်ကြိုးစားကြရမည်ဖြစ်ပြီး မျိုးဆက်သစ်တို့အနာဂတ်လှပရေးဆောင်ရွက်ရမည်ဖြစ်သည်။

**စနစ်ကောင်းဟုဆိုရာတွင် ခေတ်စနစ်အလိုက် တိကျရေရာသော ဥပဒေပြဋ္ဌာန်းမှု၊ စီမံဆောင်ရွက်မှုများကို လေးစားလိုက်နာရန်လိုသည်။ နိုင်ငံတစ်နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံ၏စီမံအုပ်ချုပ်ပုံကောင်းမွန်မှုကိုဖော်ညွှန်းသော်လည်း လူတစ်ဦးချင်းစီ၏ စည်းကမ်းလိုက်နာမှုအပေါ်တွင် တည်မှီနေလေ့ရှိသည်။** ဖွံ့ဖြိုးမှုနောက်မကျစေရေး စည်းကမ်းလိုက်နာမှုကိုရှေးရှုရမည်ဖြစ်သည်။ လူ့တန်ဖိုး၊ စံသတ်မှတ်ချက်များကိုမြှင့်တင်ပြီး တစ်ပြေးညီဖွံ့ဖြိုးရေးလမ်းမထက်ဆီသို့ ဦးတည်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏အင်အားသည် နိုင်ငံတစ်ဝန်းလုံးကိုကိုယ်စားပြုပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသောကဏ္ဍအားလုံး တစ်ပြေးညီဖွံ့ဖြိုးစေနိုင်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ကြရာတွင် သဘောထားအမြင်များပေါင်းစပ်၍ အလှဆုံးဆေးရောင်ခြယ်သရမည်ဖြစ်သည်။ သဘောထားတင်းမာမှု၊ ငြင်းခုံမှုဟူသည် နေရာတိုင်းတွင်တည်ရှိနေမည်ဖြစ်သော်လည်း နိုင်ငံ့အရေးအလေးပေးစဉ်းစားသူတိုင်း၏နှလုံးအိမ်တွင် ငြိမ်းချမ်းရေးအုတ်မြစ်တည်ရှိနေလေ့ရှိသည်။ ဘိုးဘွားစဉ်ဆက်လက်ဆင့်ကမ်းလာသည့် သမိုင်းပေးတာဝန်နှင့်အညီ အခက်အခဲ၊ အကျပ်အတည်းများမှရုန်းထွက်နိုင်စွမ်းရှိသည်။ တာဝန်ဝတ္တရားအရပ်ရပ်သည် အလုပ်တစ်ခုအောင်မြင်ပြီးမြောက်စေရန်အတွက် နေရာပေးခြင်းသာဖြစ်ပြီး မိမိတာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ခိုင်မာတောင့်တင်းမှုကိုကြည့်လိုလျှင် စည်းလုံးညီညွတ်မှုပေတံဖြင့်သာ တိုင်းတာသိရှိနိုင်သည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်မှုသည် လွန်စွာအရေးကြီးသည်။ ထင်းစည်းပမာဥပမာပြုထားသည့် စည်းလုံးမှု၏အင်အားကို

**ပြည်ထောင်စုနေ့သည် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ ယုံကြည်ချက်ခိုင်မာမှုကို ထင်ဟပ်စေသော သမိုင်းဝင်နေ့စွဲတစ်ခုဖြစ်ပြီး ကမ္ဘာတည်သရွေ့ တည်ရှိနေမည့်သင်္ကေတတစ်ခုလည်းဖြစ်သည်။ တိုင်းရင်းသားတို့၏ ညီညွတ်သောစည်းလုံးမှုကိုလိုလားသူတိုင်း၊ ငြိမ်းချမ်းရေးကိုလိုလားသူတိုင်း နိုင်ငံတော်အဓွန့်ရှည်တည်တံ့ရေး ကာကွယ်စောင့်ရှောက်ရာတွင် အတူလက်တွဲကြိုးပမ်းမှု စွမ်းပကားဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် အကြားအလပ်မရှိ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်လိမ့်မည်ဟုယုံကြည်မျှော်လင့်လျက် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြု . . .**

အထူးနားလည်သိရှိရမည်ဖြစ်သည်။ ထင်းစည်းပြေလျှင် တစ်ချောင်းချင်းအချိုးခံရမည်ဖြစ်သည်။ ပြည်ပ၏ ခြိမ်းခြောက်မှုရန်စွယ်အန္တရာယ်အမျိုးမျိုး၊ ကျူးကျော်မှုပုံစံအမျိုးမျိုးခံရနိုင်ဖွယ်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အတွေးအမြင်ချင်းဖလှယ်၍ ညှိနှိုင်းအဖြေရှာသည့်နည်းလမ်းကိုအသုံးပြုသင့်သည်။ တစ်ကွက်တိုး၍တစ်ကွက်ဆုတ်သင့်ကဆုတ်ရမည်ဖြစ်သည်။ အနိုင်နှင့်အရှုံးဆုံးဖြတ်ရမည့်အခြေအနေ၊ မာန်မာနများမထားရှိဘဲ မိမိတို့၏လိုလားတောင့်တမှုကို တစ်ချက်ချင်းညှိ၍ ဖြေရှင်းဆောင်ရွက်သင့်လှသည်။ ရှုထောင့်အမြင်မှန်ကန်စွာ နိုင်ငံ့အကျိုးရှေးရှုတည်ဆောက်ကြလျှင် ပြည်ထောင်စုကြီး အမြန်ဆုံးအေးချမ်းသာယာလာမည်ဖြစ်သည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်သည် ထိန်းသိမ်းအပ်သောယဉ်ကျေးမှုအမွေဖြစ်ပေသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စရိုက်လက္ခဏာများသည် လွန်စွာချစ်စရာကောင်းပေသည်။ မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများ မှီတင်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းက ဂုဏ်ယူဖွယ်ရာကောင်းလှပေသည်။ တိုင်းရင်းသားတစ်မျိုးချင်းစီသည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့စရိုက်များစွာရှိပေသည်။ အပြန်အလှန်လေးစားစိတ်၊ ချစ်ခင်တန်ဖိုးထားစိတ်များလည်း အသီးသီးပိုင်ဆိုင်ထားရှိကြသည်။ အများအားဖြင့် ယဉ်ကျေးပျူငှာသော ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ကြသည်။ အမျိုးကိုချစ်သည်။ အမျိုးထိလျှင် နာကျင်ကြရသည်မှာအမှန်ပင်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့ဝါဒတစ်ရပ်ဖြင့် မြန်မာ့မြေကိုသိမ်းပိုက်ရယူမှုအပေါ် အမျိုးချစ်သူ၊ မျိုးချစ်စိတ်ရှိသူများ၏ သူ့ကျွန်မခံပြန်လည်တွန်းလှန်တိုက်ထုတ်ခဲ့မှုကြောင့် ရရှိခဲ့သည့်နိုင်ငံ့လွတ်လပ်ရေးကြီးက သက်သေထူလျက်ရှိပေသည်။ လူသူလက်နက် အစစအရာရာသာလွန်သည့် နယ်ချဲ့တို့အား တွန်းလှန်တိုက်ထုတ်ရာတွင် မျိုးချစ်သူရဲကောင်းများစွာ၏ အသက်သွေးချွေးတို့သည် ရက်၊ လ၊ နှစ်တိုင် မမေ့နိုင်အောင်ရှိခဲ့ကြသည်။ လွတ်လပ်ရေးရရှိရန် ဘဝပေးအပ်ရင်းနှီးပေးဆပ်မှုသည် ကြီးမားခဲ့သည်။ မိမိတို့၏ဘိုးဘေးဘီဘင်တို့ မျှော်လင့်တောင့်တကြိုးပမ်းရယူဆောင်ရွက်ခဲ့သည့် လွတ်လပ်ရေးကြီးကို မြတ်နိုးတန်ဖိုးထားကြရမည်သာဖြစ်သည်။ တည်ဆဲလွတ်လပ်ရေးတစ်ရပ်မဆုံးရှုံးစေရန်နှင့် ရေရှည်တည်တံ့သည့် လွတ်လပ်ရေးတစ်ရပ်ဖြစ်ရန် ပြည်သူအားလုံးမှ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

**ယနေ့မြန်မာနိုင်ငံသည် နယ်ပယ်ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကိုဖွင့် ရွက်ကိုလွှင့်၍ အလေးပေးဖော်ဆောင်နေချိန်ဖြစ်ပေသည်။ ဒီမိုကရေစီနည်းလမ်းတကျ လွတ်လပ်စွာရေးသားခွင့်၊ ပြောဆိုခွင့်ဆိုင်ရာအခွင့်အရေးများရခွင့်၊ ဖော်ထုတ်ခွင့်လည်းရှိပေသည်။ အဆိုပါအခွင့်အရေးများကို နည်းမှန်လမ်းမှန်အသုံးချရန်လိုအပ်ပြီး အများပြည်သူအကျိုးကိုဖြစ်စေသောလုပ်ဆောင်မှု၊ အများဆန္ဒဖြင့်ဆောင်ရွက်မှုများပါဝင်သည်။ အတူတကွလိုက်ပါဆောင်ရွက်လျှင် သာတူညီမျှအကျိုးခံစားခွင့်များလည်း တစ်ပါတည်းရရှိမည်ဖြစ်သည်။ ငြိမ်းချမ်းရေးကို ပြည်သူအားလုံးလိုလားတောင့်တကြသည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းစေချင်သည်။ ငြိမ်းချမ်းမှုနှင့်မငြိမ်းချမ်းမှုဖြစ်စဉ်များသည် ဆီနှင့်ရေပမာတန်ဖိုးအားဖြင့်ကွာဟခြင်းကြောင့် အချိန်တိုင်းငြိမ်းချမ်းရေးရရှိရေးကို လိုချင်သည်။**

လွတ်လပ်ရေး၏အနှစ်သာရကို ပီပြင်စွာထုဆစ်ဖော်ဆောင်ရမည်ဖြစ်သည်။ နိုင်ငံအများစုသည် အချုပ်အခြာအာဏာသက်ရောက်မှုကို တန်ဖိုးထားရှိသည်။ နိုင်ငံအချင်းချင်းဆက်ဆံရာပင်လျှင် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ဂုဏ်ဒြပ်သည် ထင်ရှားသောပြယုဂ်တစ်ခုဖြစ်သည်။ စည်းလုံးခြင်းသည်အင်အားဖြစ်သည်။ ညီညွတ်မှုအင်အားဖြင့် ဝိုင်းဝန်းထိန်းသိမ်း၍ ပိုမိုကောင်းမွန်သောအနာဂတ်ကို ငြိမ်းချမ်းစွာတည်ဆောက်လျက် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ် အစဉ်သက်သေထူကြရမည်ဖြစ်သည်။

တိုင်းရင်းသားအချင်းချင်း ဘေးပယောဂများ၏ သွေးခွဲသပ်လျှိုမှုအမျိုးမျိုးကြောင့် သွေးမကွဲသင့်ပေ။ ပင်လုံစာချုပ်ကြီးနှင့် ပြည်ထောင်စုနေ့ကိုလည်းမမေ့သင့်ပေ။ ပြည်ထောင်စုနေ့သည် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ ယုံကြည်ချက်ခိုင်မာမှုကို ထင်ဟပ်စေသော သမိုင်းဝင်နေ့စွဲတစ်ခုဖြစ်ပြီး ကမ္ဘာတည်သရွေ့ တည်ရှိနေမည့်သင်္ကေတတစ်ခုလည်းဖြစ်သည်။ တိုင်းရင်းသားတို့၏ညီညွတ်သောစည်းလုံးမှုကို လိုလားသူတိုင်း၊ ငြိမ်းချမ်းရေးကိုလိုလားသူတိုင်း နိုင်ငံတော်အဓွန့်ရှည်တည်တံ့ရေးကာကွယ်စောင့်ရှောက်ရာတွင် အတူလက်တွဲကြိုးပမ်းမှုစွမ်းပကားဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် အကြားအလပ်မရှိ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများဖော်ဆောင်နိုင်လိမ့်မည်ဟုယုံကြည်မျှော်လင့်လျက် **၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်မည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြု**ရေးသားလိုက်ရပါသည်။ ။

MWD Education, Knowledge & Sports Channel ၁၁-၂-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၇:၀၀ – ၀၇:၁၅ Grade – 5 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၀၇:၁၅ – ၀၈:၃၅ Grade – 5 သင်္ချာ၊ လူမှုရေး
၃။ ၁၀:၀၀ – ၁၁:၀၀ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ (မြန်မာစာဘာသာရပ်)
၄။ ၁၅:၃၀ – ၁၆:၁၅ Grade – 5 သိပ္ပံ
၅။ ၁၆:၁၅ – ၁၈:၁၀ Grade – 9 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၆။ ၁၈:၁၀ – ၁၈:၃၅ Grade – 9 သင်္ချာ(၂)၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

★ **စာမျက်နှာ ၁၅ မှအဆက်**

ပိုမိုကောင်းမွန်သည့်အနာဂတ်လူ့ဘောင်ကို တည်ဆောက်နိုင်ရေးကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် အသိပညာအတတ်ပညာနှင့်ပြည့်စုံသည့်၊ နှလုံးရည်ပြည့်ဝသည့် ပညာတတ်လူရည်ချွန် လူရည်မွန်များကို ယခုဘွဲ့နှင်းသဘင်ခန်းမကြီးမှ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်၊၎င်းနောက်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ၊ အနုပညာဦးစီးဌာနမှ တေးသံရှင်များ၊ နိုင်ငံကျော်တေးသံရှင်များ၊ Naypyitaw State Academy မှကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ သရုပ်ဖော်များ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် အခမ်းအနားတက်ရောက်လာကြသူများသည်ခင်းကျင်းပြသထားသည့်အလုပ်အကိုင်အခွင့်အလမ်းပြခန်းများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ်လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ Naypyitaw State Academy (ဘွဲ့နှင်းသဘင်ခန်းမ)ဘက်စုံသုံးခန်းမအဆောက်အအုံကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်နှင့်အညီ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ၃၀၂ ပေ၊ အနံ ၂၁၈ ပေ ရှိကာ စုစုပေါင်းစတုရန်းပေ ၁၆၇၀၀၀ ကျော်ရှိ ၃ ထပ်သံကူကွန်ကရစ်အဆောက်အအုံဖြစ်ကြောင်း၊ ဘွဲ့နှင်းသဘင်အခမ်းအနားများကျင်းပနိုင်ရန်သာမက အခြားသောအခမ်းအနားများနှင့် ဖျော်ဖြေတင်ဆက်မှုများကျင်းပဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လူဦးရေ ၁၂၀၄ ဦးဆံ့ ဘက်စုံသုံးခန်းမကြီးအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တစ်ယောက်လျော့ ရန်ကုန်ယူနိုက်တက်အသင်းက နောက်ကျဂိုးဖြင့်သစ္စာအားမာန်အသင်းကိုအနိုင်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲပွဲစဉ်(၁၇)ပြိုင်ပွဲ၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့်သစ္စာအားမာန်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ YUSC ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ယောက်လျော့ ရန်ကုန်ယူနိုက်တက်အသင်းက နောက်ကျဂိုးဖြင့် သစ္စာအားမာန်အသင်းကို အနိုင်ယူခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့်ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲတစ်ပွဲရရှိရေးအတွက် သစ္စာအားမာန်အသင်းကို ဖိအားပေးကစားခဲ့သည်။ သစ္စာအားမာန်အသင်းကလည်း ဦးဆောင်ဂိုးမပေးရရေး အတက်အဆင်း အချိတ်အဆက်မိမိဖြင့် ရရှိသည့်အခြေအနေကနေ တန်ပြန်တိုက်စစ်ဖြင့် အကောင်းဆုံးကစားခဲ့သည်။ ပွဲကစားချိန် ၁၂ မိနစ်တွင် မင်းကျော်ခန့်၏ပေးပို့မှုကနေ ရင်တာရိဟားမား ကန်သွင်းခွင့်ရခဲ့သော်လည်း ပြိုင်ဘက်ဂိုးသမားနိုင်လင်းအောင်ပုတ်ထုတ်နိုင်ခဲ့သည်။ ပွဲကစားချိန် ၃၅ မိနစ်တွင်လည်း ထောင့်ကန်ဘောတင်ပို့မှုကနေ ဟိန်းဇေယျာလင်း ခေါင်းတိုက်သွင်းခဲ့သော်လည်း လွဲချော်ခဲ့ပြန်၍ ရန်ကုန်ယူနိုက်တက်အသင်း ဦးဆောင်ဂိုးရရှိခွင့်များနစ်နာခဲ့ရသည်။

ပွဲကစားချိန် ၄၄ မိနစ်တွင် သစ္စာအားမာန်အသင်း တိုက်စစ်မှူးစောမျိုးဇော် တန်ပြန်တိုက်စစ်ကနေ တစ်ကိုယ်တော်ဘောလုံးဆွဲယူလာမှုကို ရန်ကုန်ယူနိုက်တက်အသင်းနောက်တန်းကစားသမား ကောင်းထက်ပိုင်ဟန့်တားပုံကြမ်းတမ်းခဲ့သည့်အတွက် အနီကတ်ပြထုတ်ခံရကာ သစ္စာအားမာန်အသင်းကို ပြစ်ဒဏ်ဘောကန်ခွင့်ပြုလိုက်ရ၍ ရန်ကုန်ယူနိုက်တက်အသင်းတစ်ယောက်လျော့ဖြင့် ပွဲကအလှည့်အပြောင်းတစ်ခုဖြစ်သွားသည်။ ဂိုးဧရိယာအစပ်ကရရှိသည့် ပြစ်ဒဏ်ဘောကို တိုက်စစ်မှူးမင်းမော်ဦးက တိုက်ရိုက်ကန်သွင်းပြီး သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးကိုရယူသွားသည်၊ရန်ကုန်ယူနိုက်တက်အသင်း စိတ်ဓာတ်မကျဘဲ တိုက်စစ်အားကောင်းကောင်းဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ပထမပိုင်းပြီး၍ နာကျင်အချိန်ပိုအရောက်တွင် ရန်ကုန်ယူနိုက်တက်ကစားသမားဇော်ဝင်းသိန်းအပေါ် သစ္စာအားမာန်နောက်တန်းကစားသမားရဲမျိုးအောင် ကစားပုံကြမ်းတမ်းခဲ့သည့်အတွက် ပယ်နယ်တီခွင့်ပြုပေးလိုက်ရသည်။ ပယ်နယ်တီကို မောင်မောင်လွင်က အမှားအယွင်းမရှိကန်သွင်းပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကာ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် ရန်ကုန်ယူနိုက်တက်အသင်း လူစားလဲလှယ်မှုများပြုလုပ်ပြီး တိုက်စစ်အားပိုမြှင့်လာခဲ့သလို သစ္စာအားမာန်အသင်းကလည်း ပြိုင်ဘက်ရဲ့တိုက်စစ်ကို အကောင်းဆုံးဟန့်တားနိုင်ခဲ့သည်။ မောင်မောင်လွင်၏ပေးပို့မှုကနေ လူစားဝင်ကစားသမား အောင်မျိုးခန့်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကိုသွင်းယူခဲ့သည့်အတွက် ပွဲအပြီးတွင် တစ်ယောက်လျော့ ရန်ကုန်ယူနိုက်တက်အသင်းက နောက်ကျဂိုးဖြင့် သစ္စာအားမာန်အသင်းကို အနိုင်ယူသွားသည်။

**ဝန်းရံခ**




# အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာ၊ ပျဉ်းမနားဘိုးဘွားရိပ်သာ၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတို့မှ သက်ကြီးပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ချီးမြှင့်ငွေနှင့်အသုံးအဆောင်ပစ္စည်းများထောက်ပံ့ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာ၊ ပျဉ်းမနားဘိုးဘွားရိပ်သာနှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတို့ကို သွားရောက်ပြီး ဘိုးဘွားရိပ်သာများမှ သက်ကြီးပုဂ္ဂိုလ်များအား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် လက်ဝယ်အရောက်ပေးအပ်ကာ Standard Dignity Kit များ ထောက်ပံ့ပေးအပ်သည်။



ထိုသို့သွားရောက်စဉ် ပြည်ထောင်စုဝန်ကြီးက သက်ကြီးပုဂ္ဂိုလ်များ ကောင်းမွန်စွာနေထိုင်နိုင်ရန် ဘိုးဘွားရိပ်သာများအား စနစ်တကျစိစစ်တည်ထောင်ခွင့်ပြုလျက်ရှိသကဲ့သို့ သက်ကြီးပုဂ္ဂိုလ်များကို စောင့်ရှောက်နိုင်မည့်သူများအတွက် သင်တန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရိပ်သာများသို့ ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့မှုအပြင် ယခုထပ်ဆောင်းထောက်ပံ့မှုသည် နေ့စဉ်ဘဝလိုအပ်ချက်အတွက် အထိုက်အလျောက် အထောက်အကူပြုစေမည်ဖြစ်ကြောင်းပြောကြားပြီး အဘိုးအဘွားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“နားယောင်လို့ပဲ စွန့်ခွာခွာ၊ ခြိမ်းခြောက်မှုအခက်အခဲကြောင့်ပဲ စွန့်ခွာခွာ၊ နိုင်ငံတော်နဲ့အစိုးရရဲ့စေတနာထား ဖြေလျှော့ပေးချိန်မှာ CDM ခေါင်းစဉ်အောက်မှ ဝန်ထမ်းများ ဂုဏ်သိက္ခာနဲ့ဘဝအတွက် ဌာနေပြန်ဝင်သင့်”**ခေါင်းစဉ်ဖြင့် ၁၁-၂-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်၊ လာမည့်အပတ် ၁၈-၂-၂၀၂၆ ရက်မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးအကြောင်းပြအကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ခရီးသွားလာရေးမှာ အခုချိန်ထိ အခက်အခဲများ ကြုံနေရဆဲဖြစ်နေ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့်ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် ညအပူချိန်များ

၁၀-၂-၂၀၂၆

| | | | | |
|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်ဆန်(ရှမ်းပြည်နယ်တောင်ပိုင်း) | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| သီပေါ | ၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဖျော်ဖြေတင်ဆက်မှု များကို ကြည့်ရှုအားပေးစဉ်။

**❐ တက္ကသိုလ်ဟူသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရာ ဘူမိနက်သန် ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြု သုတေသနများ အစပြုဖော်ဆောင်ရာနေရာလည်းဖြစ်၊ နိုင်ငံတော်က ဦးတည်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု စသည့်ကဏ္ဍများတိုးတက် ကောင်းမွန်ရန်နှင့် ပြည်သူများ၏လူမှုစီးပွားဘဝမြင့်မား လာစေရေးအတွက် တက္ကသိုလ်များသည် အဓိကအရေး ပါသည့်အခန်းကဏ္ဍမှပါဝင်နေ . . .**

☆ **စာမျက်နှာ ၁၇ မှအဆက်**

ဘွဲ့နှင်းသဘင်ခန်းမဟူသည်မှာ ပညာသင်ယူမှုခရီးလမ်း၏ အောင်မြင်မှုမှတ်တိုင်အဖြစ် တက္ကသိုလ်ပညာရေးအဆင့်တစ်ခု ပြီးမြောက်ကြောင်း အသိအမှတ်ပြုဘွဲ့လက်မှတ်များအပ်နှင်းချီးမြှင့်ရာ ထွတ်မြတ်သည့်နေရာမွန်ဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခု၏ ဂုဏ်သိက္ခာကြီးမြတ်မှု၊ ပညာဂုဏ်သတင်းကျော်စောမှု၊ သမိုင်းအစဉ်အလာကောင်းမွန်မှုများကို ကမ္ဘည်းမော်ကွန်းတင်ရာ ကျက်သရေမင်္ဂလာရှိသည့်ဗိမာန်တစ်ခုလည်းဖြစ်ကြောင်း။

ယခုဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံဒီဇိုင်းများကိုမဲစနစ်ဖြင့် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ရွေးချယ်စေခဲ့ပြီး ရွေးချယ်မှု မဲအများဆုံးရရှိသည့်ဒီဇိုင်းဖြင့် တည်ဆောက်ခဲ့ခြင်းသည် ယခုဘွဲ့နှင်းသဘင်ခန်းမကြီး၏ထူးခြားချက်ပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော ဆောင်ရွက်မှုများမှတစ်ဆင့် လူငယ်များ၏ပါဝင်မှုအခန်းကဏ္ဍကိုမြှင့်တင်ပေးကြရန်နှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိအောင် လေ့ကျင့်ပေးကြစေလိုကြောင်း၊ ယခုဆိုပါက ယခုဘွဲ့နှင်းသဘင်ခန်းမတွင် ဘွဲ့ရကျောင်းသား(၂၃၀) ဦးကို မကြာမီတွင် ပထမအကြိမ်အဖြစ် ဘွဲ့အပ်နှင်းချီးမြှင့်ပေးနိုင်တော့မည်ဖြစ်သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအပေါ်တွင် အဓိကမူတည်ပါကြောင်း၊ လူငယ်များကို ပညာအမြော်အမြင်ရှိအောင်၊ ယုံကြည်ချက်ခံယူချက်မှန်ကန်အောင်၊ စိတ်ဓာတ်ကောင်းမွန်ပြီး အများအကျိုးသယ်ပိုးတတ်အောင်လေ့ကျင့်ပေးနိုင်မှသာ ငြိမ်းချမ်းသာယာသည့်ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်အသိပညာ၊ ကျွမ်းကျင်မှု၊ ကျင့်ဝတ်တို့နှင့်ပြည့်စုံပြီး အရည်အချင်းရှိသည့် ဘွဲ့ရပညာတတ်များအရေအတွက်များစွာမွေးထုတ်ပေးရန်လိုကြောင်း။

ပညာဟူသည်မှာ လူတစ်ဦး၏ကိုယ်ရည်ကိုယ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် ခံယူချက်များ မြင့်မားတိုးတက်စေနိုင်သည်ဖြစ်သဖြင့် နိုင်ငံ့အတွက်အရေးပါပြီး တန်ဖိုးကြီးမားသည့်အခြေခံအရည်အချင်းဖြစ်ပါကြောင်း၊ ပညာသင်ယူမှုကတစ်ဆင့် ရရှိလာသည့် စဉ်းစားဆင်ခြင် သုံးသပ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အုပ်ချုပ်ရေး ကဏ္ဍအသီးသီးတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်ဟူသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ဘူမိနက်သန်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြု သုတေသနများ အစပြုဖော်ဆောင်ရာနေရာလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဦးတည်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုစသည့် ကဏ္ဍများတိုးတက်ကောင်းမွန်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက်တက္ကသိုလ်များသည်အဓိကအရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း။

ထို့ကြောင့် Naypyitaw State Academy ကို စတင်ဖွင့်လှစ်ခဲ့ချိန်မှစပြီး သုံးနှစ်ကျော်ကာလအတွင်း၌ ကျောင်းသားဗဟိုပြုသင်ကြား၊ သင်ယူမှုစနစ်ကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန်ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းများ၊ ရည်ညွှန်းစာအုပ်များကို ပြည့်စုံစွာဖြည့်ဆည်းပေးခဲ့ကြောင်း၊ ထို့ပြင် တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါရပ်များဖြင့် ပြည့်စုံအောင် စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ အပန်းဖြေရိပ်သာ၊ အားကစားကွင်း၊ ဆရာ၊ ဆရာမဆောင်များ၊ ဝန်ထမ်းအိမ်ရာများစသည်တို့ကိုဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တက္ကသိုလ်ပရိဝုဏ် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းမန်များကိုလည်း စိုက်ပျိုးပေးထားပြီး ကျောင်းသား၊ကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို သင်ယူလေ့လာရင်း တက္ကသိုလ်ကျောင်းသားဘဝ University Life ကို အေးချမ်းပျော်ရွှင်စွာခံစားနိုင်စေရေး ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

Naypyitaw State Academy တွင် အရည်အသွေးပြည့်ဝသည့် တက္ကသိုလ်ပညာရပ်များကို ဆည်းပူးခွင့်ရစေရေး ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ ဆေးပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာန၊ အားကစားပညာမဟာဌာနဟူသည့် မဟာဌာနကြီး(၇)ခုနှင့် ဘွဲ့ကြိုသင်တန်းများ၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ စတင်ဖွင့်လှစ်စဉ်က အထူးပြုဘာသာရပ် ၁၂ ခုကို စတင်လက်ခံသင်ကြားခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် လူငယ်များ၏ တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်နိုင်ရေးအတွက်ကုန်ထုတ်ဓာတုဗေဒ၊ နျူကလီးယားရူပဗေဒ စသည့်ဘာသာရပ်များ၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာ၊ လူမှုရေးပညာ၊ စာကြည့်တိုက်နှင့်သုတပညာဘာသာရပ်များ၊ ကမ္ဘာ့အလယ်တွင် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ဖော်ဆောင်ပေးနိုင်မည့် သံတမန်ရေးရာ စသည့်ဘာသာရပ်များ အပါအဝင် အထူးပြုဘာသာရပ်(၂၄)ခု အထိ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုကဲ့သို့ အထူးပြုဘာသာရပ်များကို တိုးချဲ့သင်ကြားရုံသာမက တက္ကသိုလ်၏ အသက်သွေးကြောဖြစ်သည့်သုတေသနများကိုလည်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ သုတေသနဆောင်ရွက်ခြင်းသည် နိုင်ငံသားတို့၏လူမှုစီးပွားဘဝတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးနှင့် သုတေသန

**❐ မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သည့်အနာဂတ် လူ့ဘောင်ကိုတည်ဆောက်နိုင်ရေး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် အသိပညာအတတ်ပညာနှင့်ပြည့်စုံသည့်၊ နှလုံးရည်ပြည့်ဝသည့် ပညာတတ်လူရည်ချွန်လူရည်မွန်များကို ယခုဘွဲ့နှင်းသဘင်ခန်းမကြီးမှ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေဟု ဆန္ဒပြု. . .**

အထောက်အထား အခြေပြုမူဝါဒများချမှတ်ရေးတို့အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း။

Naypyitaw State Academy အနေဖြင့် ပညာရှင်များ၏သုတေသနရပ်ဝန်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်ရေး သုတေသနစာတမ်းဖတ်ပွဲများ၊ ကျောင်းသားလူငယ်များ၏ သုတေသနပရောဂျက်များကို အားပေးမြှင့်တင်ပေးနေသည့်အပြင် လူငယ်များ အတွေးအခေါ်မြင့်မားပြီး စွမ်းရည်ပြည့်ဝစေရန် လူငယ်စကားဝိုင်းများ၊ ပြပွဲပြိုင်ပွဲများ၊ လုပ်ငန်းခွင်လက်တွေ့လေ့လာရေးအစီအစဉ်များ၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲနှင့်ဆွေးနွေးပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် ကျောင်းသားများကို ဘွဲ့ဒီဂရီတစ်ခုရရှိရန်အတွက်သာမဟုတ်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ပြည့်စုံကောင်းမွန်သည့်လူနေမှုဘဝကိုတည်ဆောက်နိုင်ရေး တက္ကသိုလ်နှင့် Industryတို့၏ မိတ်ဖက်ချိတ်ဆက်မှုတစ်ခုဖြစ်ပါကြောင်း။

တက္ကသိုလ်တစ်ခု ရေရှည်တည်မြဲရေးဟူသည်မှာ စီမံခန့်ခွဲသူများ၏ မှန်ကန်ထိရောက်သည့်ဦးဆောင်မှု၊ ဆရာ၊ ဆရာမများ၏အရည်အသွေးပြည့်ဝမှု၊ ကျောင်းသားများ၏ အမိတက္ကသိုလ်အပေါ် မြတ်နိုးတန်ဖိုးထားမှုနှင့် ကြိုးစားအားထုတ်မှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားမှုများအပေါ် အများကြီးတည်မှီနေကြောင်း၊ ထို့ကြောင့် Naypyitaw State Academy ၏ ခံ့ညားထည်ဝါသည့် ဂုဏ်သတင်းကို ထိန်းသိမ်းမြှင့်တင်ပြီး နောင်နှစ်ပေါင်းများစွာတိုင် ကမ္ဘာ့အဆင့်မီထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ကျောင်းသားများကို အသိပညာ၊ အတတ်ပညာ၊ ကျင့်ဝတ်သိက္ခာပြည့်စုံပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်နှင့် စစ်မှန်သည့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသည့်၊ စိတ်ဓာတ်မြင့်မားသည့်၊ စည်းကမ်းပြည့်ဝသည့်၊ အသိပညာ အတတ်ပညာနှင့်ပြည့်စုံသည့် နိုင်ငံကို ဦးဆောင်မည့် ဘွဲ့ရပညာတတ်များကို မွေးထုတ်ပေးကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

Naypyitaw State Academy ၏ ဘွဲ့နှင်းသဘင်ခန်းမကြီးကို ယခုကဲ့သို့ ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးနိုင်သည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုဘွဲ့နှင်းသဘင်ပရိဝုဏ်မှ နှစ်စဉ်နှစ်ဆက် ပေါ်ထွက်လာကြမည့် ဘွဲ့ရမောင်မယ်များအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုနိုင်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်မည့် လူတော်လူကောင်းများဖြစ်လာကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏

**စာမျက်နှာ ၁၄ သို့**☆

☆ **ရှေ့ဖုံးမှအဆက်**

ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် Naypyitaw State Academy သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲတွင် ခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

ရေးကော်မရှင်ဥက္ကဋ္ဌက Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)အတွင်း လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး အခမ်းအနားဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ Naypyitaw State Academy မှ ကျောင်းသူလေးများက Naypyitaw State Academy သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)အတွင်း လှည့်လည်ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲတွင် ခင်းကျင်းပြသထားမှုများအား လှည့်လည် ကြည့်ရှုအားပေးကြသည်။

ထို့နောက် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)ဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ငင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းကို ပေးအပ်စဉ်။

**❐ နိုင်ငံတကာအဆင့်မီ Naypyitaw State Academy ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်တွင် တည်ထောင်ဖွင့်လှစ်ခဲ့၊ ယခုတက္ကသိုလ်ကြီးသည် ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေး၊ ဥပဒေပညာ၊ ဆေးပညာ၊ လူမှုရေးပညာ၊ သံတမန်ရေးရာ၊ အားကစားအစရှိသည့် ဘာသာရပ်နယ်ပယ်စုံလင်စွာဖြင့် ဘက်စုံပညာများကိုသင်ကြားပို့ချပေးနေသည့် မြန်မာနိုင်ငံ၏ပထမဆုံးသော ပညာရပ်ပေါင်းစုံလေ့လာသင်ယူနိုင်မည့် Comprehensive University လည်းဖြစ် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့်အလုပ်အကိုင်အခွင့်အလမ်းပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

**❐ ဘွဲ့နှင်းသဘင်ခန်းမဟူသည်မှာ ပညာသင်ယူမှုခရီးလမ်း၏အောင်မြင်မှုမှတ်တိုင်အဖြစ် တက္ကသိုလ်ပညာရေးအဆင့်တစ်ခုပြီးမြောက်ကြောင်း အသိအမှတ်ပြုဘွဲ့လက်မှတ်များအပ်နှင်းချီးမြှင့်ရာ ထွတ်မြတ်သည့်နေရာမွန်ဖြစ်၊ တက္ကသိုလ်တစ်ခု၏ဂုဏ်သိက္ခာကြီးမြတ်မှု၊ ပညာဂုဏ်သတင်းကျော်စောမှု၊ သမိုင်းအစဉ်အလာကောင်းမွန်မှုများကို ကမ္ဘည်းမော်ကွန်းတင်ရာ ကျက်သရေမင်္ဂလာရှိသည့် ဗိမာန်တစ်ခုလည်းဖြစ် . . .**

ရောက်လာကြသူများသည် Naypyitaw State Academy ၏ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း Documentary အား ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏မြို့တော် နေပြည်တော်တွင်ပြည်ထောင်စုအဆင့်အဆောက်အအုံများ၊ ခေတ်မီမြို့ပြနေထိုင်မှုစနစ်များ၊ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့ကဲ့သို့ အဆင့်မြင့်တက္ကသိုလ်များတည်ရှိနေမှုသည် နေပြည်တော်၏ဂုဏ်ကျက်သရေကို တင့်တယ်ခမ်းနားစေသည့်အပြင် ခေတ်မီပညာရပ်များသင်ကြားပို့ချရာ ပညာရေးမြို့တော်အဖြစ်လည်း ပုံဖော်ဖန်တီးပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့်အနာဂတ်ကိုတည်ဆောက်နိုင်ရေး ပညာရေးကဏ္ဍကိုမြှင့်တင်ပေးလျက်ရှိကြောင်း၊ ထိုသို့သော ရည်မှန်းချက်နှင့်အညီ နိုင်ငံတကာအဆင့်မီ Naypyitaw State Academy ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုတက္ကသိုလ်ကြီးသည် ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေး၊ ဥပဒေပညာ၊ ဆေးပညာ၊ လူမှုရေးပညာ၊ သံတမန်ရေးရာ၊ အားကစားအစရှိသည့် ဘာသာရပ်နယ်ပယ်စုံလင်စွာဖြင့် ဘက်စုံပညာများကို သင်ကြားပို့ချပေးနေသည့် မြန်မာနိုင်ငံ၏ပထမဆုံးသောပညာရပ်ပေါင်းစုံလေ့လာသင်ယူနိုင်မည့် Comprehensive University လည်းဖြစ်ကြောင်း။

Naypyitaw State Academy သည် နိုင်ငံတော်၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့်ပညာရှင်များ မွေးထုတ်ပေးနိုင်မည့် ဦးဆောင်တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ **“ပညာဓေ အဓိပတိ”** ဆိုသည့်ဆောင်ပုဒ်အတိုင်း ပညာကိုအထွတ်အမြတ်ထားဦးထိပ်ပန်ဆင်ပြီး ပညာအမွေကို လက်ဆင့်ကမ်းဖြန့်ဝေပေးနေသည့် တက္ကသိုလ်တစ်ခုလည်းဖြစ်ပါကြောင်း။

ယခင်က နေပြည်တော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်များသာ ရှိခဲ့ကြောင်း၊ ယခုဆိုပါက နေပြည်တော်အပါအဝင် တစ်နိုင်ငံလုံးက ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၏သားသမီးများအနေဖြင့် ရှိပြီးသား အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များမှာသာမက Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့တွင် အဆင့်မြင့်ပညာများကို အဆင်ပြေချောမွေ့စွာလက်လှမ်းမီသင်ယူနိုင်ကြပြီဖြစ်ပါကြောင်း။

ယနေ့တွင် ထိုကဲ့သို့သော အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှသည့် ဘွဲ့ရပညာတတ်နိုင်ငံ့သားကောင်းရတနာမွန်များ မွေးထုတ်ပေးရာ Naypyitaw State Academy ၏ ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ)ကို အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။ **စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Opening ceremony of Convocation Hall (multipurpose hall) of Naypyitaw State Academy held

## Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing graces the ceremony with his presence and speech

NAY PYI TAW February 10

A ceremony to inaugurate the Convocation Hall (multipurpose hall) of Naypyitaw State Academy took place at NSA in Zabuthiri Township, Nay Pyi Taw Council Area, this morning, addressed by Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing.




Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing delivers an address at the opening ceremony of the Convocation Hall (multipurpose hall) of Naypyitaw State Academy.

Also present were Vice Chairman of SSPC Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC Secretary General Ye Win Oo, SSPC members, union ministers and union level dignitaries, the Nay Pyi Taw Council chair, region/state chief ministers, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, permanent secretaries of the Ministry of Education, directors general, rectors from universities, deputy directors general, faculty members and students of NSA.




Senior General Min Aung Hlaing views the displayed items at a booth.

On arrival at the NSA, the Senior General was welcomed by officials.

The Senior General and party looked around the ethnic food stalls.

Vice Chairman of SSPC Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC Secretary General Ye Win Oo, Union Minister for Education Dr Chaw Chaw Sein and Union Minister for Construction U Myo Thant formally inaugurated the Convocation Hall (multipurpose hall) of Naypyitaw State Academy.

The Senior General and attendees posed for documentary photos in front of the Convocation Hall (multipurpose hall).

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing then unveiled the plaque of the Convocation Hall (multipurpose hall) and sprinkled scented water on it.

The Senior General looked around the hall and looked into the requirements presented by officials. See Page - 19 ▸▸



Senior General Min Aung Hlaing sprinkles scented water on the plaque of the Convocation Hall (multipurpose hall) of Naypyitaw State Academy.

▸▸From Page - 18

At the second part of the ceremony, female students of the academy performed a dance number to the accompaniment of the song "Naypyitaw State Academy".

The Senior General and attendees watched a documentary on the development of NSA.

In his address, the Senior General said the existence of advanced institutions of higher learning like the Naypyitaw State Academy and Naypyitaw State Polytechnic University in Nay Pyi Taw, the capital of the nation, enhances its splendor and its image as an educational city where advanced knowledge is disseminated.

The State is promoting the education sector with the aim of reaching a pleasant and prosperous future built with intellectuals who are well-versed in educational and technological knowledge, and with this aim, the Naypyitaw State Academy was commissioned into service on 9 November 2022. The NSA is the country's first comprehensive university where multiple subjects including arts, science, economics, law, medical science, social science, diplomatic affairs and sports are taught.

NSA is the leading university that will bring about professionals that will improve the socio-economic life of the nation. As its motto **"Wisdom is the supreme force"** the NSA will become a university that will relay the essence of knowledge, while placing the intellectual power in the fore.

He noted that previously, Nay Pyi Taw only hosted universities for agriculture, livestock, and forestry. He stated that now, the children of civil servants and citizens from across the country, including Nay Pyi Taw, can conveniently access and pursue higher education not only at existing vocational universities but also at Naypyitaw State Academy and Naypyitaw State Polytechnic University.

He stated that the Convocation Hall (multipurpose hall) of the Naypyitaw State Academy, which produces fine human resources—graduates who are endowed with knowledge, skills, and noble hearts—was ceremoniously opened today.

Also, he stated that a convocation hall is a sacred place where certificates are conferred to recognize the completion of a level of university education, serving as a milestone of success in the learning journey. He added that it is also a magnificent hall where a university's dignity, academic reputation, and fine historical traditions are enshrined as a record of honor.



Union Minister U Myo Thant presents related documents to Union Minister Dr Chaw Chaw Sein.

He then stated that the unique feature of this convocation hall is that its design was chosen by the students themselves through a voting system, and it was constructed according to the design that received the most votes. He noted that through such activities, he wished to promote the role of youth participation and train them to acquire good democratic practices. He added that he felt proud and joyful as 230 graduating students will soon be conferred their degrees for the first time in this convocation hall.

He emphasized that the development of a country primarily depends on high-quality human resources. He noted that only by training youths to be educationally visionary, to have correct beliefs and convictions, and to possess good character while being capable of serving the public interest, can a peaceful and modern nation be built. Therefore, he added that it is necessary to produce a large number of qualified graduates who are endowed with knowledge, skills, and ethics.

He stated that education is a vital and highly valuable fundamental quality for the nation, as it can elevate an individual's personality, character, and convictions. He added that the analytical and problem-solving skills gained through education will greatly contribute to various sectors, including politics, economy, defence, and administration.

Also, he stated that a university is a hallowed ground that produces high-quality human resources, as well as a place where innovative technology-based research is initiated. He noted that universities play a vital role in improving the sectors targeted by the State, such as agriculture, livestock, and manufacturing, and in enhancing the socio-economic lives of the people.

He stated that since the opening of Naypyitaw State Academy over three years ago, modern teaching aids, international-level laboratories, and reference books have been fully provided to effectively implement a student-centered teaching and learning system. He added that to fulfill the characteristics of a university, lecture halls, dormitories, a convocation hall, a library, a recreation center, sports grounds, faculty housing, and staff housing are being provided. Furthermore, trees and flowers have been planted for a green university campus, and arrangements will continue to ensure that students can peacefully and happily enjoy their university life while pursuing higher education.

He stated that to provide opportunities for pursuing high-quality university education at Naypyitaw State Academy, seven major faculties—the Faculty of Arts, Faculty of Science, Faculty of Economics, Faculty of Law, Faculty of Medicine, Faculty of Social Science, and Faculty of Sports Science—have been established, offering undergraduate courses, Master's qualifying courses, and Master's degree programs. He noted that while the academy began with 12 specialized majors at its opening, it has now expanded to 24 specialized majors. These include Industrial Chemistry and Nuclear Physics to enhance the creative capacity of youth; Tourism and Hospitality Management, Sociology, and Library and Information Science, which are vital for the country's socio-economic development; and subjects such as Diplomacy, which can promote and represent the nation's image on the global stage.

The Senior General stressed the need to conduct research works as the lifeblood of the university in addition to extending the majoring subjects to be taught. Conducting the research is an investment for enhancement of socio-economic life of the citizens, education and health standard as well as adopting the research result based policies.

The Naypyitaw State Academy encourages paper-reading sessions and research projects of students which can create an environment of research for professionals while managing youth talk shows, exhibitions and contests, on-job observation plans, job opportuity shows and talks to enhance the capacity of youth with high critical thinking. As such, youth students will have chance to secure degree as well as job opportunities in order to build a good socio-economic life through the partnership linkage between the university and industry.

The long-term existence of a university depends much on correct and effective leaderships of the management level authorities, high quality faculty members, adorablity and hard-working efforts of students for their university, and high capacity of staff. So, the Senior General urged all to strive for the university to be able to stall tall as a world-class university for many years while preserving the prestige of Naypyitaw State Academy. The Senior General urged that students be trained and nurtured to become a new generation of young people who are well equipped with knowledge, skills, and moral integrity, and who possess a strong sense of responsibility and accountability, and that efforts be made to produce educated graduates capable of leading the nation—individuals who have genuine patriotism, high morale, discipline, and a full foundation of knowledge and skills.

The Senior General warmly expressed delight that the Naypyitaw State Academy's Convocation Hall has been opened in such a grand and vibrant manner with exhibitions and festivities, and voiced their confident hope that the graduates who will emerge year after year from this convocation precinct will become worthy and capable citizens on whom the State can rely and who can shoulder responsibilities for the benefit of the nation and its people. The Senior General also expressed his earnest wish that this Convocation Hall will continue to produce outstanding and well-rounded intellectuals—talented and virtuous scholars endowed with comprehensive knowledge and skills, as well as strength of character—who can help build a better future society for Myanmar and enable the country to stand shoulder to shoulder with the world.

The Union Minister for Education presented a gift to mark the opening of Convocation Hall (multipurpose hall) to the Senior General.

The Union Minister for Construction handed over documents related to the Convocation Hall (multipurpose hall) to the Union Minister for Education.

The Union Minister for Education spoke words of appreciation. Students from the National University of Arts and Culture under the Fine Arts

See Page - 20▸▸

From Page - 19

Department of the Ministry of Religious Affairs and Culture, vocalists from the Fine Arts Department, well-known vocalists and students from the Naypyitaw State Academy presented songs, performances and choral dances. The Senior General and party enjoyed their performances.

The Senior General presented a flower basket and cash awards to those who performed entertainments and cordially greeted them.

After the ceremony, the Senior General and party observed the job opportunity booths and gave necessary guidance to officials.

The Convocation Hall (multipurpose hall) of the Naypyitaw State Academy was built under the guidance of the Head of State. It is a building with 302 feet in length and 218 feet in width. It is a structure of more than 167,000 square feet of area, and it is a three-storey RC building. The hall aims to accommodate 1,204 attendees to enjoy convodation ceremonies as well as other ceremonies and entertainments. **100**

# Putin holds phone conversation with South Africa's Ramaphosa - Kremlin



MOSCOW February 10

Russian President Vladimir Putin held a phone conversation with South African President Cyril Ramaphosa, the Kremlin said on Tuesday.

"Russian President Vladimir Putin had a telephone conversation with President of South Africa Cyril Ramaphosa," the Kremlin said in a statement.

The conversation touched upon the situation around Ukraine, as well as focused on the development of cooperation in trade, economic and investment fields between the countries, the statement read.

"During the exchange of views on the current international agenda, the importance of continuing coordination of approaches between Russia and South Africa, including within the framework of the G20 and BRICS, was noted," the statement read.

The South African president, in turn, expressed support for Russia's efforts aimed at political and diplomatic settlement of the Ukrainian crisis, the Kremlin added.

**Sputnik**

# Severe water shortage continues in Gaza City despite water supply main reopened: UN



UNITED NATIONS February 10

Despite the recent reopening of a water supply main from Israel into the Gaza Strip, Gaza City continues to face a severe water shortage, UN humanitarians said Monday.

The UN Office for the Coordination of Humanitarian Affairs (OCHA) said its water, hygiene and sanitation partners reported drinking and domestic water shortages even after the reopening of the Mekorot supply line from Israel.

Only 6,000 cubic meters of water are reaching people daily in the city, with significant water losses in hard-to-reach areas.

"To mitigate this shortfall, we and our partners have increased water production and trucked deliveries from groundwater wells and private sector desalination plants," OCHA said.

"Since late last month, our partners have distributed over 100,000 water jerry cans, over 700,000 bars of soap and over 25,000 hygiene kits, over 400 household latrines, and 250 anti-lice kits across Gaza," the office said.

**Xinhua**

# Russia detains 3rd suspect in plot to assassinate senior military officer

MOSCOW February 10

Russia's Federal Security Service (FSB) said Tuesday that it has detained a third suspect over an attempted assassination of a senior Russian military officer.

The suspect, a Russian citizen, attempted to kill Lieutenant General Vladimir Alekseyev, a deputy chief of Russia's military intelligence agency, who was shot several times inside a residential building in northwest Moscow on Friday, the FSB said in a statement.

According to the FSB, he provided vehicles and surveillance equipment to two previously detained suspects, and assisted in collecting information on potential targets.

The FSB said the suspect's testimony helped identify two additional senior officials of Russia's Ministry of Defence who had allegedly been under surveillance in the interests of Ukrainian intelligence services.

**Xinhua**

# Bangladesh all set for Thursday's general elections, referendum: official

DHAKA February 10

Bangladesh is all set for Thursday's general elections in which more than 127 million voters are expected to cast their ballots at over 42,000 polling stations across the country, a senior official said Tuesday.

All election preparations are now complete, Akhtar Ahmed, Bangladeshi Election Commission's senior secretary, said.

According to the official, ballot papers and all other polling materials have already been delivered for 299 of the 300 constituencies.

He said polling in one constituency has been postponed due to the death of a candidate and will be held later.

Voting in the country's 13th general election and referendum will take place simultaneously nationwide from 7:30 am. to 4:30 pm. local time on Thursday, he added in his remarks at the inauguration of a media center for foreign journalists and media professionals in Dhaka.

The country's election authorities had earlier said that more than 127 million voters had been registered for the election for the first time since former Prime Minister Sheikh Hasina resigned and left the country in August 2024.

The Bangladeshi parliament comprises a total of 350 members, of which 50 seats are reserved for women who are elected later by the 300 directly-elected members on the basis of procedure of proportional representation in the parliament through single transferable vote.

**Xinhua**

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing inspects exhibition booths of Union-level MSME Product Fair and Market Festival commemorating 79th Anniversary of Union Day 2026

NAY PYI TAW February 10

A Union-level MSME Product Fair and Market Festival is being commemorating the 79th Anniversary of Union Day 2026 was being organized at the Nay Pyi Taw Square and Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing inspected the fair this afternoon.

First, the Senior General and party inspected domestic and foreign marketing discussions of MSME entrepreneurs in the booths of the foreign marketing team, the domestic marketing team and the marketing team for ministries.

Then, the Senior General and party inspected the exhibition and sales booths of ministries attentively and discussed salient points based on officials of exhibition booths.

During the inspection tour, the Senior General was accompanied by Vice Chairman of the commission Vice-Senior General Soe Win, member of the commission Prime Minister U Nyo Saw, Executive Chief U Aung Lin Dway, Commission Secretary General Ye Win Oo, members of the commission, union ministers, union-level officials, chief ministers of regions and states, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw command and officials.




Senior General Min Aung Hlaing cordially converses with members of an MSME marketing team.

**100**

# Pwintbyu Township exceeds target cultivation of niger this cold season

PWINTBYU February 10

According to the Pwintbyu Township Agriculture Department, local farmers grew niger on the croplands exceeding the target cultivation in Pwintbyu Township of Magway Region this year.

In Pwintbyu Township, authorities initially planned to cultivate 121 acres of niger during this winter cropping season. Planting began in last November, and as of today, farmers have completed cultivation on 321 acres, exceeding the target.

"In this winter season, we planned to grow 121 acres of niger in Pwintbyu Township to help increase local edible oil supply and improve farmers' income. At present, 321 acres have been fully cultivated, surpassing the planned area. To ensure that farmers can grow the crop smoothly without difficulties, our department has been providing field-level technical support, including proper cultivation methods, access to quality and locally suitable seed varieties, pest and disease control methods, and guidance on systematic use of inputs," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

During this winter season, the Township Department of Agriculture supported oilseed niger growers by facilitating expansion of cultivated acreage, improving yields, providing quality seeds, ensuring correct cultivation practices, guiding proper irrigation and input use, and promoting pest- and disease-free production. The department also conducted technical training sessions, discussions, and field demonstrations to help farmers improve crop quality.

If niger can be cultivated with good yield and quality, it will not only meet local edible oil needs but also generate income through surplus sales, contributing to socio-economic development. Therefore, efforts should continue to expand niger cultivation, Daw Moe Moe Wai added.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## လျှပ်စစ်ကုန်တင်ကားကြီးများကို ရွေ့လျား AI ဒေတာစင်တာများအဖြစ် အသုံးပြုနိုင်



လျှပ်စစ်ကုန်တင်ကားတွေကို ရွေ့လျားနေတဲ့ AI ဒေတာစင်တာတွေအဖြစ် ပြောင်းလဲအသုံးပြုနိုင်တယ်ဆိုပြီး ဘယ်ဂျီယံနိုင်ငံအခြေစိုက် ကုမ္ပဏီအသစ်တစ်ခုက အကြံပြုလိုက်ပါတယ်။ ဒီလိုမျိုးအဆိုပြုချက်ဟာ လျှပ်စစ်ကားတွေမှာပါတဲ့ အားကောင်းတဲ့ ဘက်ထရီစနစ်နဲ့ AI လုပ်ငန်းစဉ်များအတွက် လိုအပ်တဲ့ ကြီးမားတဲ့တွက်ချက်မှုစွမ်းအားတွေကိုပေါင်းစပ်ပြီး စွမ်းအင်ကို အကျိုးရှိရှိ အသုံးချဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

လျှပ်စစ်ကုန်တင်ကားကြီးတွေဟာ လမ်းပေါ်မှာ သွားလာခြင်းမရှိဘဲ ရပ်နားထားချိန် ဒါမှမဟုတ် အားသွင်းနေချိန်တွေမှာ သူတို့ရဲ့ ဘက်ထရီစွမ်းအင်ကိုအသုံးပြုပြီး AI model တွေကို လေ့ကျင့်ပေးတာနဲ့ ဒေတာတွေကို ခွဲခြမ်းစိတ်ဖြာတာမျိုးတွေ ပြုလုပ်နိုင်မှာပါ။ ဒါက ပုံသေဆောက်လုပ်ထားတဲ့ ဒေတာစင်တာရဲ့ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးနိုင်သလို စွမ်းအင်ပိုလျှံတဲ့နေရာတွေမှာ အဲဒီစွမ်းအင်ကို အသုံးချပြီး AI လုပ်ငန်းတွေကို လုပ်ဆောင်နိုင်မယ့် နည်းလမ်းကောင်းတစ်ခုလည်းဖြစ်ပါတယ်။

ဒီနည်းပညာကို အကောင်အထည်ဖော်ဖို့အတွက် ကုန်တင်ကားတွေမှာ အထူးပြုလုပ်ထားတဲ့ GPU server တွေနဲ့ အအေးပေးစနစ်တွေကို ထည့်သွင်းရမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဒါဟာ စိတ်ကူးစိတ်သန်းအဆင့်မှာပဲ ရှိနေသေးပေမယ့် လျှပ်စစ်ကားလောကနဲ့ AI နည်းပညာလောကကို တစ်ပြိုင်နက်တည်း ပြောင်းလဲလိုက်နိုင်စေမှာဖြစ်ပါတယ်။

**Ref: IE**
**ကိုထက်**

## 3D Printing ရဲ့စွမ်းရည်ကို မီးမောင်းထိုးပြနိုင်တဲ့ အဝတ်ခေါက်စက်ရုပ်

အဝတ်ခေါက်ပေးနိုင်တဲ့ စက်ရုပ်တစ်ရုပ်ကို ၂၄ နာရီအတွင်းမှာပဲ အပြီးသတ်တည်ဆောက်ပြလိုက်တာဟာ အခုခေတ် 3D Printing နည်းပညာ ဘယ်လောက်တောင်မြန်ဆန်တိုးတက်နေပြီလဲဆိုတဲ့စွမ်းရည်ကို သက်သေပြလိုက်တာပါပဲ။ တီထွင်သူတွေက စက်ရုပ်ရဲ့ ဒီဇိုင်းဆွဲတာ၊ လိုအပ်တဲ့အစိတ်အပိုင်းတွေကို ပုံနှိပ်ထုတ်တာနဲ့ အားလုံးကို တပ်ဆင်တဲ့အလုပ်တွေကို တစ်ရက်တည်းနဲ့ အပြီးဖြတ်နိုင်ခဲ့ကြတာဖြစ်လို့ ဒါဟာနည်းပညာလောကမှာ တကယ့်ကိုစံချိန်တင်စရာဖြစ်ရပ်တစ်ခုဖြစ်လာပါတယ်။

ပုံမှန်ဆိုရင်စက်ရုပ်အစိတ်အပိုင်းတွေကို စက်ရုံမှာ ထုတ်လုပ်နိုင်ဖို့အတွက် အချိန်အတော်ကြာသည်အထိ စောင့်ရလေ့ရှိပါတယ်။ ဒါပေမဲ့ အခုစက်ရုပ်ရဲ့ ရှေ့ပြေးပုံစံကိုတော့ 3D Printer ကိုသုံးပြီး လျင်မြန်တဲ့နည်းလမ်းနဲ့ ထုတ်လိုက်တာဖြစ်လို့ အချိန်ကုန် အများကြီးသက်သာသွားတာဖြစ်ပါတယ်။ အဝတ်ခေါက်တဲ့နေရာမှာ လိုအပ်တဲ့ အဆစ်အမျက်တွေနဲ့ လှုပ်ရှားမှုယန္တရားတွေကို တိတိကျကျပုံနှိပ်ပြီးထုတ်နိုင်ခဲ့တာကြောင့် လူတွေကိုယ်တိုင်လုပ်နေရတဲ့ အိမ်မှုကိစ္စတွေကို စက်ရုပ်တွေနဲ့ အစားထိုးနိုင်ဖို့ ပိုပြီးနီးစပ်လာပြီလို့ဆိုရမှာပါ။

ဒီဖြစ်ရပ်ကနေ ကြည့်မယ်ဆိုရင် အင်ဂျင်နီယာလောကမှာ စိတ်ကူးထဲကအရာကို လက်တွေ့ပစ္စည်းအဖြစ် ပြောင်းလဲပေးတဲ့နေရာမှာ 3D Printing နည်းပညာက ဘယ်လောက်အတိုင်းအတာအထိ အရေးပါတယ်ဆိုတာ ထင်ရှားလှပါတယ်။ **Ref: IE**
**ကိုထက်**



## SpaceX အင်ဂျင်နီယာဟောင်းတစ်ဦးက ရေအားသုံးတွန်းကန်စနစ်နဲ့ ဂြိုဟ်တုတွေကိုမောင်းနှင်ဖို့ ပြင်ဆင်နေ

SpaceX မှာ အလုပ်လုပ်ခဲ့ဖူးတဲ့ အင်ဂျင်နီယာဟောင်းတစ်ဦးက အခုဆိုရင် ထူးထူးခြားခြားစိတ်ကူးတစ်ခုကို အကောင်အထည်ဖော်နေပါပြီ။ အဲဒါကတော့ ဂြိုဟ်တုတွေကို အာကာသထဲမှာ မောင်းနှင်ဖို့အတွက် ရေကိုပဲ လောင်စာအဖြစ် အသုံးပြုသွားမယ့်နည်းပညာဖြစ်ပါတယ်၊ ပုံမှန်ဆိုရင်အာကာသယာဉ်တွေမှာ ဈေးကြီးပြီး အန္တရာယ်များတဲ့ဓာတုလောင်စာတွေကိုသုံးရပေမယ့်အခုနည်းလမ်းကတော့ ဘေးကင်းသလို ကုန်ကျစရိတ်လည်း အများကြီးသက်သာသွားစေမှာပါ။



ဒီစနစ်က ဘယ်လိုအလုပ်လုပ်လဲဆိုရင် ရေကို အလွန်မြင့်မားတဲ့ အပူချိန်ပေးပြီး အခိုးအငွေ့အဖြစ် ပြောင်းလဲလိုက်တာဖြစ်စေ၊ ဒါမှမဟုတ် လျှပ်စစ်စွမ်းအင်သုံးပြီး ရေမော်လီကျူးတွေကို ဖြိုခွဲကာ ပလာစမာအဖြစ်ပြောင်း၍ဖြစ်စေ တွန်းအားအဖြစ် အသုံးချတာမျိုးဖြစ်ပါတယ်။ လက်ရှိမှာ ဒီနည်းပညာအတွက်ရှေ့ပြေးပုံစံကို ဂြိုဟ်တုအသေးစားလေးတွေမှာ တပ်ဆင်ပြီး အာကာသထဲမှာ တကယ်အလုပ်လုပ်၊ မလုပ် လက်တွေ့စမ်းသပ်ဖို့ စီစဉ်နေပြီလို့ သိရပါတယ်။ အကယ်၍ ဒီစမ်းသပ်မှုသာ အောင်မြင်သွားမယ်ဆိုရင် အနာဂတ်မှာ ဂြိုဟ်တုတွေလည်ပတ်ဖို့အတွက် ရေကိုပဲ လောင်စာအဖြစ် လွယ်လွယ်ကူကူအသုံးပြုလာနိုင်တော့မှာဖြစ်ပါတယ်။

**Ref: IE**
**ကိုထက်**

## တရုတ်က အာကာသထဲမှာ ကြိုးမဲ့စနစ်သုံး ဦးနှောက်နဲ့ကွန်ပျူတာချိတ်ဆက်မှုကို အောင်မြင်စွာစမ်းသပ်နိုင်



တရုတ်နိုင်ငံဟာ အာကာသထဲမှာ ကြိုးမဲ့စနစ်သုံး ဦးနှောက်နဲ့ ကွန်ပျူတာချိတ်ဆက်မှုကို ကမ္ဘာ့ပထမဆုံးအကြိမ် အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပြီလို့ ကြေညာလိုက်ပါတယ်။ ဒီစမ်းသပ်မှုကို တရုတ်အာကာသစခန်းမှာရှိနေတဲ့ အာကာသယာဉ်မှူးတွေက လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

ဒီနည်းပညာက အာကာသယာဉ်မှူးများအနေနဲ့ လက်တွေကို အသုံးမပြုဘဲ သူတို့ရဲ့ ဦးနှောက်လှိုင်းတွေနဲ့တင် အာကာသစခန်းမှာရှိတဲ့စက်ပစ္စည်းတွေကို ထိန်းချုပ်နိုင်ဖို့ ရည်ရွယ်တာပါ။ အာကာသထဲမှာ အချိန်ကြာကြာနေထိုင်ရတဲ့အခါ ခန္ဓာကိုယ်ကြွက်သားတွေ အားနည်းလာတာမျိုး ဒါမှမဟုတ် ဝတ်စုံကြီးတွေကြောင့် လှုပ်ရှားရခက်ခဲတာမျိုးတွေကို အခုနည်းပညာက အပြည့်အဝအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

အခု စမ်းသပ်မှုပုံစံက ဦးနှောက်ထဲကို ခွဲစိတ်ပြီး ထည့်သွင်းရတဲ့ ပုံစံမျိုးမဟုတ်ဘဲ ဦးခေါင်းခွံအပြင်ဘက်ကနေ ဦးနှောက်လှိုင်းတွေကို ဖမ်းယူတဲ့စနစ်ဖြစ်လို့ ပိုပြီးတော့ ဘေးကင်းပါတယ်။ ဒီစမ်းသပ်မှုအောင်မြင်တာဟာ အနာဂတ်အာကာသခရီးအတွက် အလွန်အရေးပါတဲ့ ခြေလှမ်းတစ်ခုဖြစ်လာပါတယ်။

**Ref: IE**
**ကိုထက်**

## တရုတ်ကိုတုံ့ပြန်ဖို့အတွက် အမေရိကန်အနေနဲ့ တိုက်လေယာဉ်နဲ့ဗုံးကြဲလေယာဉ် အစင်းရေ ၅၀၀ အထိလိုအပ်နိုင်

အမေရိကန်နိုင်ငံအနေနဲ့ တရုတ်နိုင်ငံရဲ့ စစ်ရေးအင်အားကြီးထွားလာမှုကို တုံ့ပြန်နိုင်ဖို့အတွက် တိုက်လေယာဉ်နဲ့ဗုံးကြဲလေယာဉ်အစင်းရေ ၅၀၀ ခန့်အထိ လိုအပ်နိုင်တယ်လို့ စစ်ရေးကျွမ်းကျင်သူတွေက ခန့်မှန်းပြောဆိုနေပါတယ်။ အထူးသဖြင့် ပစိဖိတ်ဒေသတွင်းမှာ တရုတ်ရဲ့ လေကြောင်းရန်ကာကွယ်ရေးနဲ့ ဒုံးကျည်စနစ်တွေက ပိုမိုခေတ်မီလာတာကြောင့် အမေရိကန်လေတပ်ဟာ အဆင့်မြင့်နည်းပညာသုံးလေယာဉ်တွေကို ပိုမိုအားကိုးလာရတာပါ။



ဒီအစီအစဉ်ထဲမှာ အဓိကအားဖြင့် မျိုးဆက်သစ်လေကြောင်းစိုးမိုးရေး တိုက်လေယာဉ်တွေနဲ့ B–21 Raider ကိုယ်ပျောက်ဗုံးကြဲလေယာဉ်တွေ ပါဝင်ပါတယ်။ အဲဒီလေယာဉ်တွေဟာ ရေဒါရှောင်ကွင်းနိုင်စွမ်းအလွန်မြင့်မားသလို ဒရုန်းတွေနဲ့တွဲဖက်ပြီး တိုက်ပွဲဝင်နိုင်တဲ့ စွမ်းရည်တွေလည်းရှိပါတယ်။

လက်ရှိမှာ ဒီလေယာဉ်တွေရဲ့ဒီဇိုင်းတွေကို အဆင့်မြင့်နည်းပညာတွေပေါင်းစပ်ပြီး တိုးမြှင့်ထုတ်လုပ်ဖို့ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနကစီစဉ်နေတာပါ။ ဒါပေမဲ့ ဒီလောက်များပြားတဲ့ လေယာဉ်တွေကို ထုတ်လုပ်ဖို့ ကုန်ကျစရိတ်က အလွန်ကြီးမားတဲ့အတွက် လွှတ်တော်မှာလည်း ဘဏ္ဍာငွေနဲ့ပတ်သက်ပြီး ဆွေးနွေးငြင်းခုံစရာတွေ ဖြစ်လာနိုင်ပါတယ်။

**Ref: IE**
**ကိုထက်**

## ဗုဒ္ဓဘာသာရဟန်းတော်များ၏ ကီလိုမီတာ ၃၇၀၀ ရှိ ခရီးရှည် ငြိမ်းချမ်းရေးလမ်းလျှောက်မှု ဝါရှင်တန်ဒီစီ၌အဆုံးသတ်



ဝါရှင်တန်၊ ငြိမ်းချမ်းရေး

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ် ကိုးခုကိုဖြတ်၍ ကီလိုမီတာ ၃၇၀၀ ကျော် ခရီးနှင်ခဲ့သည့် ဗုဒ္ဓဘာသာရဟန်းတော်များ၏ ခရီးရှည်ငြိမ်းချမ်းရေးလမ်းလျှောက်မှု ခရီးစဉ်သည် ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဝါရှင်တန်ဒီစီမြို့၌ အဆုံးသတ်သွားပြီဖြစ်ကြောင်းသိရသည်။

ထိုခရီးစဉ်သည် လူအများကြားတွင်စိတ်ပိုင်းဆိုင်ရာနိုးကြားမှုဖြစ်စေရန် ရည်ရွယ်ပြီး လမ်းတစ်လျှောက်တွင် ထောင်ပေါင်းများစွာသော ပြည်သူလူထု၏ ကြိုဆိုအားပေးမှုကိုရရှိသည်။

ရဟန်းတော်များသည် ငြိမ်းချမ်းရေး၊ မေတ္တာနှင့် ကရုဏာတရားတို့ကို အမေရိကတိုက်နှင့် ကမ္ဘာတစ်ဝန်းမှပြည်သူများသိရှိနိုးကြားစေရန် လွန်ခဲ့သော သုံးလကျော်က တက္ကဆက်ပြည်နယ်မှ စတင်ထွက်ခွာလာခြင်းဖြစ်သည်။

လမ်းခရီးတစ်လျှောက်တွင် အာတိတ်အအေးလှိုင်းနှင့် ဆီးနှင်းမုန်တိုင်းဒဏ်များ ခံစားခဲ့ရသော်လည်း ခရီးစဉ်ကိုဆက်လက်လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။ ထိုခရီးစဉ်၏ ဦးစီးခေါင်းဆောင်ဖြစ်သော ဘိက္ခုပညာကာရက "ကျွန်ုပ်တို့အနေနဲ့ ဆန္ဒပြဖို့လမ်းလျှောက်တာမျိုးမဟုတ်ဘဲ လူသားတိုင်းရဲ့ အတွင်းစိတ်မှာရှိတဲ့ ငြိမ်းချမ်းရေးကို နိုးထလာစေဖို့ လမ်းလျှောက်တာဖြစ်ပါတယ်" ဟု မိန့်ကြားသည်။ ခရီးစဉ်အတွင်း တက္ကဆက်ပြည်နယ်၌ ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားပြီး ရဟန်းအချို့ဒဏ်ရာရရှိကာ ရဟန်းတစ်ပါးမှာ ခြေထောက်တစ်ဖက်ဖြတ်လိုက်ရသော်လည်း ငြိမ်းချမ်းရေးသဝဏ်လွှာကို ဆက်လက်သယ်ဆောင်ရန် ခရီးကိုမရပ်နားဘဲ ဆက်လက်လျှောက်လှမ်းခြင်းဖြစ်ကြောင်း သိရသည်။ **Ref: ST**

## အနောက်ဘက်ကမ်းကို တရားဝင်သိမ်းပိုက်မည့် အစ္စရေး၏အစီအစဉ် ဒေါ်နယ်ထရမ့် ကန့်ကွက်

ဝါရှင်တန်၊ နိုင်ငံရေး

အစ္စရေးကအနောက်ဘက်ကမ်းဒေသကို ၎င်းတို့၏နယ်မြေအဖြစ် တရားဝင်သိမ်းပိုက်မည့်အစီအစဉ်အပေါ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကန့်ကွက်ထားကြောင်း အိမ်ဖြူတော်တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီလ ၉ ရက်တွင် ထုတ်ဖော်ပြောသည်။ အစ္စရေးဝန်ကြီးချုပ်က အမေရိကန်သို့လာမည့်ခရီးစဉ်မတိုင်မီ ယခုပြောဆိုမှုထွက်ပေါ်လာခြင်းဖြစ်သည်။

တည်ငြိမ်နေသော အနောက်ဘက်ကမ်းသည် အစ္စရေး၏လုံခြုံရေးအတွက် အရေးပါပြီး ဒေသတွင်းငြိမ်းချမ်းရေးရရှိရန် လက်ရှိအစိုးရ၏ရည်မှန်းချက်နှင့် ကိုက်ညီသည်ဟု အိမ်ဖြူတော်တာဝန်ရှိသူတစ်ဦးကပြောသည်။ အစ္စရေးအစိုးရအဖွဲ့သည် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းပိုင်မြေနေရာများကို ဂျူးအခြေချနေထိုင်သူများအား ပိုမိုလွယ်ကူစွာဝယ်ယူခွင့်ပြုခြင်းနှင့် အုပ်ချုပ်ရေးအာဏာ တိုးမြှင့်ခြင်းအပါအဝင် နယ်မြေသိမ်းပိုက်မှုသဘောသက်ရောက်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ထားကြောင်းသိရသည်။ **Ref: Sputnik**

## ထရမ့်၏ ငြိမ်းချမ်းရေး အစီအစဉ်အရ ဂါဇာသို့ အင်ဒိုနီးရှားမှ စစ်သည် ၈၀၀၀ စေလွှတ်ရန် ပြင်ဆင်နေ

ဂျကာတာ၊ ငြိမ်းချမ်းရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ငြိမ်းချမ်းရေးဘုတ်အဖွဲ့အစီအစဉ်အပေါ် ထောက်ခံသည့်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ဂါဇာဒေသသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် ၈၀၀၀ အထိ စေလွှတ်ရန် ပြင်ဆင်နေကြောင်းသိရသည်။ ထို့ကြောင့် အင်ဒိုနီးရှားသည် ထရမ့်၏ငြိမ်းချမ်းရေးအစီအစဉ်တွင် တပ်ဖွဲ့ဝင်များစေလွှတ်ရန် တရားဝင်ကတိပြုသည့် ပထမဆုံးနိုင်ငံဖြစ်လာသည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် တိုက်ခိုက်ရေးထက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးခြင်း၊ အင်ဂျင်နီယာနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို အဓိကဆောင်ရွက်သွားမည်ဖြစ်သည်။ အင်ဒိုနီးရှားသမ္မတသည် ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဝါရှင်တန်မြို့၌ ကျင်းပမည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့၏ပထမဆုံးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခံထားရကြောင်းသိရသည်။ **Ref: AGC**


## နီပေါနိုင်ငံအလယ်ပိုင်းတွင် ခရီးသည်တင်ဘတ်စကား မြစ်ထဲသို့ထိုးကျ လူ ၁၀ ဦး သေဆုံး

ခတ္တမန္ဒူ၊ မတော်တဆမှု

နီပေါနိုင်ငံအလယ်ပိုင်းရှိ ရာမက်ချက်ခရိုင်၌ ဖေဖော်ဝါရီလ ၁၀ ရက်နံနက်ပိုင်းတွင် ခရီးသည်တင်ဘတ်စကားတစ်စီးသည် မြစ်အတွင်းသို့ထိုးကျတိမ်းမှောက်ရာ အနည်းဆုံး လူ ၁၀ ဦး သေဆုံးကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါဘတ်စကားသည် ခတ္တမန္ဒူမြို့မှ အိုခါဒူဂါမြို့သို့ မောင်းနှင်လာစဉ် မန်သလီမြို့ရှိ တာမာကိုရှီမြစ်အတွင်းသို့ မီတာ ၁၀၀ ခန့်အမြင့်မှ ထိုးကျသွားခြင်းဖြစ်သည်။ သေဆုံးသူများအနက် ယာဉ်မောင်းအပါအဝင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးလေးဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးပြီး ကျန်ရှိသူများမှာ ဆေးရုံတွင်ကုသမှုခံယူနေစဉ် သေဆုံးသွားခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူ ရှစ်ဦးခန့်ရှိပြီး ၎င်းတို့အနက် ခုနစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိသောကြောင့် အဆင့်မြင့်ဆေးရုံများသို့ လွှဲပြောင်းကုသပေးလျက်ရှိကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။ **Ref: Xinhua**

## မြောက်ကိုရီးယားသို့ ဒရုန်းဝင်ရောက်မှုနှင့်ပတ်သက်၍ တောင်ကိုရီးယားထောက်လှမ်းရေးဌာန စီးနင်းရှာဖွေခံရ



ဆိုး၊ ပြည်တွင်းရေး

မြောက်ကိုရီးယားနိုင်ငံသို့ ဒရုန်းတစ်စင်း ဝင်ရောက်မှုနှင့်ပတ်သက်၍ တောင်ကိုရီးယားထောက်လှမ်းရေးဌာန စီးနင်းရှာဖွေခံရကြောင်းသိရသည်။ ဖြစ်စဉ်တွင်အစိုးရဌာနများပါဝင်ပတ်သက်မှု ရှိ မရှိ သိရှိနိုင်ရန် တောင်ကိုရီးယား စုံစမ်းစစ်ဆေးရေးမှူးများက ဖေဖော်ဝါရီလ ၁၀ ရက်တွင် ထောက်လှမ်းရေးအေဂျင်စီကို ဝင်ရောက်စီးနင်းရှာဖွေခြင်းဖြစ်သည်။

စစ်ဘက်နှင့် ရဲတပ်ဖွဲ့တို့ပူးပေါင်းထားသည့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အမျိုးသားထောက်လှမ်းရေးဌာန (NIS) နှင့် စစ်ဘက်ထောက်လှမ်းရေးဌာနချုပ်တို့အပါအဝင် သံသယရှိဖွယ်နေရာ ၁၈ ခုကို ဝင်ရောက်စီးနင်းခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီလတွင်ကေဆုန်မြို့သို့တောင်ကိုရီးယားဘက်မှ ဒရုန်းများစေလွှတ်သည်ဟု မြောက်ကိုရီးယားဘက်ကစွပ်စွဲပြီး ပျက်ကျသွားသည့် ဒရုန်းအပိုင်းအစ၏ဓာတ်ပုံများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ စစ်သည်သုံးဦးနှင့် ထောက်လှမ်းရေးတစ်ဦးတို့ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေပြီး အရပ်သား သုံးဦးကိုလည်း တရားစွဲဆိုထားသည်။

လက်ရှိတောင်ကိုရီးယားသမ္မတသည် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးပြန်လည်သင့်မြတ်စေရေးအတွက် ကြိုးပမ်းနေစဉ် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်သည်အထိ စုံစမ်းစစ်ဆေးရန် ညွှန်ကြားထားကြောင်းသိရသည်။ **Ref: BP**

## အွန်လိုင်းလိမ်လည်သူများက နှိမ်နင်းမှုကိုရှောင်တိမ်းရန်နှင့် သားကောင်များကိုပိုမိုလှည့်ဖြားရန် AI ကိုအသုံးပြုနေ

လိုင်ယွန်၊ ရာဇဝတ်မှု

အာရှတစ်လွှားရှိ အွန်လိုင်းလိမ်လည်သူများသည် တာဝန်ရှိသူများ၏ နှိမ်နင်းမှုများကိုရှောင်တိမ်းရန်နှင့် သားကောင်များကိုပိုမိုလှည့်ဖြားနိုင်ရန် AI နည်းပညာကိုအသုံးပြုလာကြောင်းသိရသည်။

ငွေလိမ်ဂိုဏ်းများသည် ၎င်းတို့၏တည်နေရာများကိုဖုံးကွယ်ရန်၊ သားကောင်ဖြစ်လာမည့်သူများ၏ ယုံကြည်မှုကိုရရှိစေရန်၊ ပိုမိုလက်ရာမြောက်သော အတုအယောင်ဗီဒီယိုနှင့် အသံများကိုဖန်တီးရန် AI နည်းပညာကိုအသုံးပြုလာခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါရာဇဝတ်ဂိုဏ်းများသည် စက်မှုလုပ်ငန်းသုံး AI ကိရိယာများသုံး၍ ဘာသာစကားအခက်အခဲများကို ကျော်လွှားလာပြီး တစ်ကမ္ဘာလုံးရှိ သားကောင်များကို ပစ်မှတ်ထားလိမ်လည်မှုလုပ်နေကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဒေသတွင်းလုံခြုံရေးအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

တာဝန်ရှိသူများအနေဖြင့် ငွေလိမ်ဂိုဏ်းများအပေါ်နှိမ်နင်းမှုများကို ပိုမိုပြင်းထန်စွာပြုလုပ်လာသော်လည်း AI နည်းပညာ၏ အကူအညီကြောင့် ၎င်းတို့၏လိမ်လည်မှုဗျူဟာများမှာ ပိုမိုရှုပ်ထွေးနက်နဲလာပြီး ဖော်ထုတ်ရန်ခက်ခဲလာသည်။ တာဝန်ရှိသူများက ထိုရာဇဝတ်မှုများကို တားဆီးရန် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နေကြောင်းသိရသည်။

**Ref: BP**



# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး) အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသိကောင်းစရာများအနေဖြင့် အပိုင်း(၂)ပိုင်းခွဲ၍ ဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ဖြေဆိုပုံ ဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် မေးခွန်းအမျိုးအစား (၅)မျိုး ပါဝင်သည့် မေးခွန်း(၅)ပုဒ်ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်လုံးကို ဖြေဆိုကြရမည်ဖြစ်သည်။ မေးခွန်းအမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများပြုလုပ်ရသည့်မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁ ။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>( ခ ) အဖြေမှန်ရွေးချယ်<br>( ဂ ) ကွက်လပ်ဖြည့် | <br>(၁၀)ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂ ။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၁၀) ခု | (၅) ခု ရွေးချယ်ဖြေဆို<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃ ။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄ ။ | မှတ်စုရှည် | (၂) ပုဒ် | (၁) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀) မှတ် |
| ၅ | ၅ ။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၂) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| **စုစုပေါင်း** | | | | | **(၁၀၀)မှတ်** |

အထက်ပါဇယားအရ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် ပါဝင်သော မေးခွန်းပုံစံ(၅)မျိုးသည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင်ပါဝင်သော မေးခွန်းပုံစံများနှင့် တူညီပါသည်။ သို့သော် **သတိပြုရမည့်အချက်မှာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်တွင် အချို့သော မေးခွန်းနံပါတ်များ၌ ရွေးချယ်ဖြေဆိုရန်ပေးထားသည့် အရေအတွက်ပြောင်းသွားခြင်းပင်ဖြစ်သည်။ မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ**ကို (၁၀)ခုပေးထားပြီး ကြိုက်နှစ်သက်ရာ(၅)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ အလားတူပင် **မေးခွန်းနံပါတ်(၄) မှတ်စုရှည်မေးခွန်းတွင်** (က)နှင့် (ခ)ဟူ၍ ရွေးချယ်စရာ(၂)ပုဒ် ပေးထားပြီး ကြိုက်နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း**နံပါတ်(၅) တွင်** တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း (၂)ပုဒ် မေးထားပြီး ရွေးချယ်စရာမရှိဘဲ (၂)ပုဒ်လုံးကို ဖြေဆိုရပါမည်။

**ဖြေဆိုပုံဖြေဆိုနည်း**

**မေးခွန်းနံပါတ် (၁)**သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၁) ကို ဖြေဆိုနိုင်ရန်အတွက် သင်ခန်းစာတိုင်း၏အဆုံးတွင် ဘောင်ခတ်၍ ဖော်ပြထားသော အဓိကအချက်များကို လေ့လာရုံမျှဖြင့် မလုံလောက်ကြောင်း သတိပြုရပါမည်။ သင်ခန်းစာတွင်ပါရှိသော သဘောတရားများနားလည်သဘောပေါက်မှုကို ဆန်းစစ်သည့် မေးခွန်းဖြစ်သည့်အတွက် သင်ခန်းစာကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)အတွက် စုစုပေါင်းပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ်(၁)ကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားသည်။

**မေးခွန်း (၁-က)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ပေးထားသောဖော်ပြချက်ကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုရန်ဖြစ်ပါသည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ - 'အစွန်းထွက်ထုတ်ကုန်တိုးတက်လာခြင်းသည် ထုတ်လုပ်မှုတွင် အသုံးပြုသည့် ပုံသေသွင်းအားစုနှင့် သွင်းအားစုရှင်အချိုးမြင့်မားနေသည့်အဆင့်များတွင်သာဖြစ်ပေါ်မည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍ မရသော၊ မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ မေးခွန်းဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ 'ကုန်စည်တစ်ခုအတွက် ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းသည် အနုတ်လက္ခဏာဆောင်ပါက ထိုကုန်စည်သည် (က) မရှိမဖြစ်ကုန်စည် (ခ) သာမန်ကုန်စည် (ဂ) ကုန်ညံ့ဖြစ်သည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ဂ) ကုန်ညံ့ဖြစ်သည်။ ထို့ကြောင့် အဖြေကို **(၁) (ဂ)** သို့မဟုတ် **(၁)(ဂ)** ကုန်ညံ့ဟု ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ် (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် ဖြေဆိုသူက ပေးထားသောဖော်ပြချက်စာကြောင်း၏ လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ကို ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုအပ်ပါသည်။ ဥပမာ'ငွေကြေးမူဝါဒ၏ ကန့်သတ်ချက်အနေဖြင့် အတိုးနှုန်းပြောင်းလဲမှုအပေါ် စီးပွားရေးလုပ်ဆောင်ချက်များက တုံ့ပြန်ရာတွင် --------ရှိနေသည်။' ဟူသော မေးခွန်းအတွက်အဖြေမှာ 'အချိန်ကွာဟမှု' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁)ခုလျှင် (၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်း ပေးမှတ် (၁၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ်(၃)အတွက် မှတ်စုတို(၁)ပုဒ်လျှင်(၁၀)မှတ်နှင့် (၂)ပုဒ်အတွက် ပေးမှတ်မှာ (၂၀)မှတ်ဖြစ်သည်။ **မေးခွန်းနံပါတ် (၄)**တွင် အမှတ်(၂၀)မှတ်တန် မှတ်စုရှည် (၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကိုဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း(၂)ခု မေးထားပြီး (၂)ခုလုံးကို ဖြေဆိုရပါမည်။ မေးခွန်းနံပါတ်(၅)အတွက် ပေးမှတ်မှာ (၂၀) မှတ် ဖြစ်သည်။ မေးခွန်းနံပါတ်(၅)တွင် ပေးထားသောကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သင်ခန်းစာပါ သဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောမေးခွန်းများဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့်သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ်(၅)နှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းပါမည်။

မေးခွန်းနံပါတ်(၅)တွင် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု ပြုလုပ်ရသည့်မေးခွန်းများကို မေးနိုင်သည့် အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃)နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

**အခန်း(၁)'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'** အခန်းတွင် အလျော့အတင်းပုစ္ဆာပုံစံ(၅)မျိုးရှိသည်။ (က) ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ (ခ) စုစုပေါင်း ရောင်းရငွေနှင့် ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ၊ (ဂ)ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း၊ (ဃ)ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းနှင့် (င) ရောင်းလိုအားအလျော့အတင်းတို့ဖြစ်သည်။

ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း၊ ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်းများကို တွက်ချက်စေသော မေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖော်ပြ ဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကိုပြုလုပ်ရပါမည်။ ဥပမာ - ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း သဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသောအလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်းဖြေဆိုရမည်။ အလျော့အတင်း ပုစ္ဆာမေးခွန်းများအတွက် သုံးသပ်ရာတွင် မှတ်သားရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**(က) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း(Ed )**အတွက် အချက်(၃)ချက် သုံးသပ်ရပါမယ်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရပါမည်။ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း (Ed) အနည်း/အများကို သုံးသပ်ရာတွင် အနုတ်လက္ခဏာကိုမစဉ်းစားဘဲ ပကတိတန်ဖိုးကို စဉ်းစားရမှာဖြစ်သည်။ ဥပမာ Ed ရဲ့တန်ဖိုး –၁.၆ ဖြစ်ပါက Ed သည် ၁ ထက်ကြီးသဖြင့် အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။ Ed ၏တန်ဖိုး –၀.၆ ဖြစ်ပါက ပကတိတန်ဖိုးအရ Ed သည် ၁ ထက်ငယ်သောကြောင့် အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(၂) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းတန်ဖိုးသည် အမြဲတမ်း အနုတ်လက္ခဏာဖြစ်ရသည့် အကြောင်းရင်းကို ဖော်ပြရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့်ဝယ်ယူသောအရေအတွက်သည် ပြောင်းပြန်ဆက်စပ်သဖြင့် Ed တန်ဖိုးသည် အမြဲလို အနုတ်တန်ဖိုးဖြစ်သည်။)

(၃) ဈေးနှုန်း ၁% မြင့်တက်သွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ လျော့နည်းသွားသည် (သို့မဟုတ်) ဈေးနှုန်း ၁% ကျဆင်းသွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်း မည်မျှတိုးသွားသည်ကို သုံးသပ်ရပါမည်။

**(ခ) စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ**ကိုလည်း လေ့လာထားရန်လိုအပ်ပါသည်။ တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်းတန်ဖိုးအရ ကုန်စည်၏ ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်းတန်ဖိုးကို မတွက်ချက်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်းရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို ခန့်မှန်းနိုင်ကြောင်း သိရှိထားရန်လိုအပ်သည်။ **ဇယားတွင် ဖော်ပြထားသည့်**

**စာမျက်နှာ ၂၅ သို့ ●**

● စာမျက်နှာ ၂၄ မှအဆက်

**အချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုးတွင်  ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း (Ed )ကို တွက်ချက်ဖော်ပြရန်မလိုအပ်ပါ**။ ဥပမာ အောက်ဖော်ပြပါ ဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း (Ed) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |
| ၄၀ | ၈ | ၃၂၀ | များ |
| ၃၀ | ၁၀ | ၃၀၀ | နည်း |
| ၂၀ | ၁၂ | ၂၄၀ | နည်း |

ဇယားပါအချက်အလက်များအရ **ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကိုတွက်ချက်ရရှိမည်**။ ဇယားတွင် ဈေးနှုန်းများကိုကြည့်ပါက ကျဆင်းနေကြောင်းကို တွေ့ရသည်။ ရောင်းရငွေကိုကြည့်ပါက ရောင်းရငွေတိုးလာပြီး **ဈေးနှုန်း (၄၀)ကျပ်မှာ (၃၂၀)ကျပ်ဖြစ်ပြီး အများဆုံးဖြစ်ပါသည်**။ ဈေးနှုန်း (၃၀)ကျပ်မှစ၍ ရောင်းရငွေ ကျဆင်းသွားပါသည်။ ထို့ကြောင့် **ဆက်စပ်မှုကိုကြည့်သောအခါ** ဈေးနှုန်း (၇၀)ကျပ်မှ (၄၀)ကျပ်အထိတစ်ပိုင်း၊ ဈေးနှုန်း (၄၀)ကျပ်မှ (၂၀)ကျပ်အထိ တစ်ပိုင်း ပိုင်းခြားပြီး သုံးသပ်ရပါမည်။ **သုံးသပ်ပုံမှာ** – ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာလည်း (၁၄၀)ကျပ်မှ (၂၄၀)ကျပ်၊ (၃၀၀)ကျပ်နှင့် (၃၂၀)ကျပ်သို့ တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ **ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ** ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု ပြောင်းပြန်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

**ဈေးနှုန်းသည် (၄၀)ကျပ်မှ (၃၀)ကျပ်နှင့်  (၂၀)ကျပ်သို့ ဆက်လက်ကျဆင်းသွားသောအခါ** ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာ (၃၂၀)ကျပ်မှ (၃၀၀)ကျပ်နှင့် (၂၄၀)ကျပ်သို့ ကျဆင်းသွားသည်။ ဝယ်ယူသည့်အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဈေးနှုန်းသည် (၄၀)ကျပ်မှ(၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ကျဆင်းသွားသောအခါ ရောင်းရငွေကျဆင်းသွားသည်။ ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု တိုက်ရိုက်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

**(ဂ) ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း (Exy)** ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရပါမည်။

(၁)  ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Exy ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Exy ၏တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂)  တွက်ချက်ရရှိသော အပြန်အလှန်အလျော့အတင်း (Exy) ၏ လက္ခဏာကိုသုံးသပ်ရမည်။ Exy သည် အပေါင်း (+)  လက္ခဏာဆောင်ပါက ကုန်စည် X ကိုဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ ဈေးနှုန်းတိုက်ရိုက်ဆက်စပ်သဖြင့် ကုန်စည် X နှင့်  ကုန်စည် Y သည် အစားထိုးကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။  Exy သည်အနုတ်(-) လက္ခဏာဆောင်ပါက ကုန်စည် X ကို ဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ဈေးနှုန်း ပြောင်းပြန်ဆက်စပ်သဖြင့် ကုန်စည် X  နှင့်  ကုန်စည် Y သည် တွဲဖက်ကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။

(၃) ကုန်စည် Y ၏ဈေးနှုန်း ၁% ပြောင်းလဲခြင်း (တက်ခြင်း/ကျခြင်း)ကြောင့် ကုန်စည် X ကိုဝယ်ယူသော အရေအတွက် ရာခိုင်နှုန်းမည်မျှပြောင်းလဲသွားသည်(တိုးသွားသည်/လျော့သွားသည်)ကို သုံးသပ်ရမည်။

**(ဃ) ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း (Ey)** ကို သုံးသပ်ရာတွင်လည်း အချက်(၃)ချက် သုံးသပ်ရပါမည်။

(၁)  ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Ey  ၏ တန်ဖိုး  ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Ey ၏ တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော ဝင်ငွေအလျော့အတင်းတန်ဖိုး၏ လက္ခဏာကိုသုံးသပ်ရမည်။

(၃) ဝင်ငွေ ၁% ပြောင်းလဲခြင်းကြောင့် ဝယ်ယူသောအရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကို သုံးသပ်ရမည်။ Ey တန်ဖိုး အပေါင်းလက္ခဏာ(+) လက္ခဏာဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက် ဝယ်လိုအားတိုးသည်။ ထို့ကြောင့် သာမန်ကုန်စည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုး အနုတ်လက္ခဏာ (-) ဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက်ဝယ်လိုအားကျဆင်းသွားသည်။  ထို့ကြောင့် ကုန်စည်သည် ကုန်ညံ့ဖြစ်သည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုးသည် သုည (၀) ဖြစ်ပါက ဝင်ငွေပြောင်းလဲမှုသည်  ဝယ်လိုအား အပေါ် အကျိုးသက်ရောက်မှုမရှိပါ။ ထို့ကြောင့် ကုန်စည်သည် မရှိမဖြစ်လိုအပ်သော ကုန်စည်၊ အခြေခံကုန်စည်ဖြစ်ကြောင်း သုံးသပ်ရမည်။

(၃) သာမန်ကုန်စည်ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်း မည်မျှ (တက်)သွားသည်။ ကုန်ညံ့ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ(ကျဆင်း)သွားသည် စသဖြင့်သုံးသပ်ရမည်။

**(င) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း(Es)**ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရမည်။

(၁) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း အနည်း/အများ ကိုသုံးသပ်ရမည်။ (Es သည် ၁ ထက်ကြီးပါက အလျော့အတင်းများသည်ဟုသုံးသပ်နိုင်သည်။  Es သည် ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည် ဟုသုံးသပ်နိုင်သည်။)

(၂) ရောင်းလိုအားအလျော့အတင်းတန်ဖိုးသည် အမြဲတမ်းအပေါင်းကိန်းဖြစ်ရသည့် အကြောင်းရင်းကို သုံးသပ်ရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့် ရောင်းချသောအရေအတွက် တိုက်ရိုက်ဆက်စပ်သဖြင့် Es တန်ဖိုးသည် အပေါင်းကိန်းဖြစ်သည်။)

(၃) ဈေးနှုန်း ၁ %(တက်ခြင်း/ကျခြင်း)ကြောင့် ရောင်းချသောအရေအတွက် (အတိုး/အလျော့) ရာခိုင်နှုန်းများကို သုံးသပ်ရမည်။

**အလျော့အတင်းပုစ္ဆာများတွက်ရာတွင် သတိပြုရမည့်အချက်များမှာ** ပုံသေနည်းကိုဖော်ပြရာတွင် မှားယွင်းမှုမရှိစေရန် ၊ ΔQ နှင့် ΔP တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်း ၊ ΔQ နှင့် ΔY တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်းမရှိစေရန်နှင့် တွက်ချက်ရရှိသောအလျော့အတင်းတန်ဖိုးတွင်(%)မထည့်ရန်တို့ ဖြစ်ကြသည်။

**အခန်း(၂) 'ထုတ်လုပ်မှုသီအိုရီ' အခန်းတွင်**  စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကို သိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသည့် ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

**မျဉ်းကွေးများရေးဆွဲထားသောပုံတွင် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားရာ၌** မူရင်းမှတ်မှ AP အမြင့်ဆုံး (သို့မဟုတ်) AP နှင့် MP မျဉ်းကွေးများ ဖြတ်သောအမှတ်ထိသည် အဆင့်(၁)ဟု ပိုင်းခြား သတ်မှတ်ရပါမည်။ TP အမြင့်ဆုံး (သို့မဟုတ်) MP= 0 ဖြစ်သောအမှတ်အထိ ထုတ်လုပ်မှုအဆင့်(၂) ဖြစ်ပြီး MP တန်ဖိုး အနုတ်(-)ဖြစ်သောအပိုင်းသည် ထုတ်လုပ်မှုအဆင့်(၃)ဟု သတ်မှတ်ရပါမည်။ ထုတ်လုပ်သူသည် အဆင့်(၂) အတွင်း၌သာ ထုတ်လုပ်မှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆင့် (၂)အတွင်း AP နှင့် MP နှစ်မျိုးလုံး အပေါင်းလက္ခဏာဖြစ်ပြီး အဆင့် (၂) ၏ အဆုံးအမှတ်သည် TP အမြင့်ဆုံးဖြစ်သော အမှတ်ဖြစ်ပါသည်။ ထို့ကြောင့် AP အမြင့်ဆုံးအမှတ်နှင့် MP သုည(၀)ဖြစ်သော အမှတ်ကြားရှိ အဆင့်(၂)တွင် လုပ်ငန်းလည်ပတ်ခြင်းသည် အသင့်လျော်ဆုံးဖြစ်သည်။ လုပ်သားဦးရေ မည်မျှငှားရမ်းအသုံးပြုရမည်ကိုလည်း ဆုံးဖြတ်တတ်ရပါမည်။

လျော့နည်းသွားသော ပြန်ရချက်ဥပဒေသရဲ့သဘောကို သိရှိရပါမည်။ **မည်သည့် ထုတ်ကုန်အပိုင်းက လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြနေသလဲ** ဆိုတာကိုလည်း သိရှိရပါမည်။ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသောပြန်ရချက်ဥပဒေသကို ဖော်ပြနေပါသည်။ **တွက်ချက်မှုအရ လုပ်သားဦးရေဘယ်လောက်မှာ MP စတင် ကျဆင်းသွားသည်ဆိုတာကို ကြည့်ရပါမည်။** ဥပမာ ဇယားမှ MP တန်ဖိုးများကိုကြည့်ရာတွင် လုပ်သားဦးရေ ၄ ဦးမှာ MP တန်ဖိုးက အများဆုံးဖြစ်နေတယ်ဆိုပါစို့၊ လုပ်သား ၄ ဦးထက်ကျော်ပါက MP စတင်ကျဆင်းပါပြီ။ လုပ်သားဦးရေ ၄ ဦးမှာ MP အမြင့်ဆုံးဖြစ်နေပြီး၊ လုပ်သားဦးရေ ၄ ဦးထက်ကျော်၍ သုံးစွဲသောအခါ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြသည်ဟု သုံးသပ်နိုင်ပါသည်။

**အခန်း(၃) 'စရိတ်သီအိုရီ' အခန်း**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံများကို လေ့လာသိရှိထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန် လိုအပ်ပါသည်။ ဥပမာ မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်းသိရှိရန်လိုသည်။ ထို့အတူ စုစုပေါင်းစရိတ်မှ စုစုပေါင်းစရိတ်ရှင်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းပုံသေစရိတ်ကို ရရှိနိုင်ကြောင်းကိုလည်း သိရှိထားရန်လိုအပ်သည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များအရ  တွက်ချက်ရရှိသော စရိတ်များကို ဇယားတွင်ဖြည့်စွက်ဖြေဆိုရပါမည်။

**အခန်း(၇) 'စီးပွားရေးတိုးတက်မှု'**တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊  အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှ ဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသောပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

**စီးပွားရေးတိုးတက်မှုနှုန်းကို  တွက်ချက်သုံးသပ်ရာတွင်** စီးပွားရေးတိုးတက်မှုနှုန်းသည်  မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်နိမ့်သည် စသည်ဖြင့်သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တိုးတက်ခြင်းရှိပါက  စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်တိုးတက်နေသည်ကို သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည် စသည်ဖြင့်သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်းသည် အတက်အကျရှိနေပါက သုံးသပ်ရာတွင်မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းပြန်လည်တိုးတက်လာသည်။ မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းတိုးနေပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်ကျဆင်းသွားသည် စသည်ဖြင့် သုံးသပ်နိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော  စီးပွားရေးတိုးတက်မှုနှုန်းသည်  အနုတ်လက္ခဏာဖြစ်ပါက  ထိုနှစ်တွင်  စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေးဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသောလက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသည့် လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၄  ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည် ။}$$

စာမျက်နှာ ၂၆ သို့ ●

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၂ ရက်မှ ၃ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့်နှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် တစ်ရက်မှနှစ်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ လက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၁ ပေခွဲခန့်နှင့် မဒေါက်မြို့တွင် ၃ လက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ (မိုး/ဇလ)

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ၂-၂-၂၀၂၆ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အထိ ရန်ကုန်မြို့၏ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 (PM2.5)၊ Particulate Matter 10 (PM10)၊ Sulphur Dioxide (SO2)၊ Nitrogen Dioxide (NO2)၊ Ozone (O3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း(Air Quality Index–AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့်ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# လာနီညာဖြစ်စဉ်ကြောင့် လေဖိအားနည်းရပ်ဝန်းများပိုမိုဖြစ်ပေါ်လာနိုင်ပြီး ညအပူချိန်များ လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

အီကွေတာအနီးရှိအပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏သင်္ချာပုံစံပြု မော်ဒယ်လ်များခန့်မှန်းချက်အရ ဖေဖော်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေမှ ပုံမှန်နှစ်တစ်နှစ်သို့ ပြန်လည်ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များလျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ်မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။ (မိုး/ဇလ)

# ဧရာဝတီမြစ်ရေလက်ရှိရေမှတ်အောက် ပေဝက်ခန့်ကျဆင်းလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၄၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယ(၁၀)ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။ (မိုး/ဇလ)

● စာမျက်နှာ ၂၅ မှအဆက်

အကယ်၍ နှစ်အလိုက်ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်၍ တွက်ချက်ပါဟု ဖော်ပြထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း}-\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၀ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း}-\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

**နှစ်အလိုက် ငွေဖောင်းပွမှုနှုန်း အတက်အကျဖြစ်ပုံအနေဖြင့်သုံးသပ်ရာတွင်** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်တွင် မြင့်တက်ပြီး မည်သည့်ခုနှစ်တွင် ကျဆင်းသွားသည်၊ ငွေဖောင်းပွမှုနှုန်းသည် မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်ပြီး / မည်သည့်နှစ်တွင် အမြင့်ဆုံးဖြစ်သည် စသည်ဖြင့် သုံးသပ်ဖြေဆိုနိုင်ပါသည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်မြင့်တက်နေပါက** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်မြင့်တက်နေသည်ဟု သုံးသပ်နိုင်သည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက** မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည်ဟု သုံးသပ်နိုင်သည်။

**ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်သုံးသပ်ရာတွင်သတိပြုရန်အချက်များမှာ** GDP ကျုံ့ကိန်းကို တွက်ချက်ရာတွင် ဒသမ (၃ နေရာ)အထိ ယူရမည်။ GDP ဈေးဆနှုန်းကိန်းကို ဒသမ (၁ နေရာ) အထိယူရမည်။ ငွေဖောင်းပွမှုနှုန်းကိုလည်း ဒသမ (၁ နေရာ) အထိယူရမည်။

**မေးခွန်းနံပါတ်(၅)ကိုဖြေဆိုရာတွင်သတိပြုရမည့်အချက်များမှာ** မေးခွန်းတွင်ဖော်ပြပါရှိသော ကိန်းဂဏန်းများကို အဖြေလွှာပေါ်သို့ပြန်လည်ကူးယူရာတွင် မှားယွင်းမှုမရှိစေရန်နှင့် Calculator ကို အသုံးပြုတွက်ချက်ရာတွင် ရရှိသောအဖြေကို နောက်ထပ်တစ်ကြိမ် ပြန်လည်စစ်ဆေးခြင်းပြုလုပ်ရန်တို့ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများအား နှံ့စပ်စွာ နားလည်တတ်မြောက်စေမှုကိုရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများအား နှံ့စပ်စွာလေ့လာထားရန်လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့် တွက်ချက်သုံးသပ်မှု မေးခွန်းများအတွက်ပေးမှတ်မှာ (၅၀)မှတ်ဖြစ်သဖြင့် ယင်းမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
DOUBLE ELEPHANT PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၁၃၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
NET WEIGHT 50 Kg


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အညီအသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
PADONMAR


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL

# အက်သလက်တီကိုအသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားသည့် အယ်ဗာရက်အား အသင်းကြီးသုံးသင်းက အပြိုင်ခေါ်ယူရန်ကြိုးပမ်းနေ

မက်ဒရစ် ဖေဖော်ဝါရီ ၁၀

ယခုဘောလုံးရာသီအကုန် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အက်သလက်တီကိုအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့် တိုက်စစ်ကစားသမား အယ်ဗာရက်အား ဥရောပအသင်းကြီးသုံးသင်းက အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် အယ်ဗာရက်သည် ၂၀၂၄ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းမှ အက်သလက်တီကိုအသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ၂၉ ဂိုးအထိ သွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုခုနစ်ကြိမ် ပြုလုပ်ထားသူဖြစ်သည်။

တိုက်စစ်ကစားသမား အယ်ဗာရက်သည် ယခုဘောလုံးရာသီတွင် ခြေစွမ်းပြကစားလျက်ရှိသော်လည်း နည်းပြဆီမြွန်နီနှင့် ဆက်ဆံရေးမပြေလည်မှုများရှိနေသည့်အတွက် ယခုဘောလုံးရာသီအကုန်တွင် အသင်းမှပြန်လည်ထွက်ခွာရန် ဆုံးဖြတ်ထားသူဖြစ်သည်။

အယ်ဗာရက်သည် ဘာစီလိုနာအသင်းနှင့် အစောပိုင်းကတည်းက အပြောင်းအရွှေ့သတင်းများထွက်ပေါ်နေပြီး ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့က လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း အယ်ဗာရက်ကိုယ်တိုင်က ပရီးမီးယားလိဂ်ကလပ်အသင်းများထက် ဘာစီလိုနာအသင်းသို့သာ ပြောင်းရွှေ့ကစားလိုကြောင်း သိရသည်။

*Ref;Fabrizio Romano*



# စပါးအသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် မူအာနီအား အပြီးသတ်ခေါ်ယူမည်မဟုတ်ဘဲ ဂျူဗင်တပ်စ်အသင်းထံ ပြန်လည်စေလွှတ်ရန်ဆုံးဖြတ်ထား

လန်ဒန် ဖေဖော်ဝါရီ ၁၀

စပါးအသင်းက ဂျူဗင်တပ်စ်အသင်းထံမှ တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် တိုက်စစ်ကစားသမား မူအာနီအား အပြီးသတ်ခေါ်ယူမည်မဟုတ်ဘဲ ယခုဘောလုံးရာသီ အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ဂျူဗင်တပ်စ်အသင်းထံ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် မူအာနီသည် ဖရန့်ဖက်အသင်းတွင်ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိခြေစွမ်းပြနိုင်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်က ဖရန့်ဖက်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသည့်အတွက် ပီအက်စ်ဂျီအသင်းတွင် နှစ်ရာသီသာကစားပြီး ၂၀၂၄ ခုနှစ်က ဂျူဗင်တပ်စ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

မူအာနီသည် ဂျူဗင်တပ်စ်အသင်းတွင်လည်း ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရကာ ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဂျူဗင်တပ်စ်အသင်းမှ စပါးအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အငှားစာချုပ်သက်တမ်းကုန်ဆုံးပါက အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူနိုင်မည်ဖြစ်သော်လည်း စပါးအသင်းက မူအာနီ၏ခြေစွမ်းပိုင်းကြောင့် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူတော့မည်မဟုတ်ဘဲ ရာသီအကုန်တွင် ဂျူဗင်တပ်စ်အသင်းထံ ပြန်လည်စေလွှတ်ရန်သာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်ကစားသမား မူအာနီအနေဖြင့် ယခုဘောလုံးရာသီတွင် စပါးအသင်းနှင့်အတူ ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရပြီး ပြိုင်ပွဲစုံ ၂၆ ပွဲကစားပြီးချိန်တွင် သုံးဂိုးသာသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုသုံးကြိမ်သာ ပြုလုပ်ထားနိုင်သည်။

ဂျူဗင်တပ်စ်အသင်းကလည်း မူအာနီအား အသင်းတွင် ဆက်လက်မထားလိုသည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;Fotmob*

# နှစ်ပေါင်း ၈၉ နှစ်အတွင်း ပထမဆုံးအကြိမ် လီဗာပူးအသင်းကို နှစ်ကျော့စလုံးအနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ရပ် မန်စီးတီးအသင်းပိုင်ဆိုင်



မန်ချက်စတာ ဖေဖော်ဝါရီ ၁၀

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅)အဖြစ် ကစားသည့် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် မန်စီးတီးအသင်းက ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် မန်စီးတီးအသင်းက နှစ်ပေါင်း ၈၉ နှစ်အတွင်း ပထမဆုံးအကြိမ် လီဗာပူးအသင်းကို နှစ်ကျော့စလုံးအနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ လီဗာပူးအသင်းက ပွဲချိန် ၇၄ မိနစ်တွင် သွင်းယူသည့် ဆိုဘော့ဆလိုင်၏သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၈၄ မိနစ်တွင် ဆေးဗားနှင့် ပွဲချိန် ၉၃ မိနစ်တွင် ဟာလန်းတို့က မန်စီးတီးအသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူနိုင်သည့်အတွက် မန်စီးတီးအသင်းက ၂ ဂိုး - ၁ ဂိုး ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းသည် အိမ်ကွင်း၌ လီဗာပူးအသင်းကို လက်ခံကစားရာတွင် ၃ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့တွင်လည်း လီဗာပူးအသင်းအိမ်ကွင်း၌ သွားရောက်ကစားရာ ၂ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် လီဗာပူးအသင်းကို ၁၉၃၇ ခုနှစ်က အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံး အနိုင်ရရှိခဲ့ဖူးပြီး အဆိုပါနှစ်နောက်ပိုင်းတွင် နှစ်ကျော့စလုံး တစ်ကြိမ်မှအနိုင်ရရှိခြင်းမရှိဘဲ ယခုနှစ်မှသာ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် လီဗာပူးအသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိသည့်အတွက် အမှတ်ပေးဇယားထိပ်ဆုံး၌ ရမှတ် ၅၆ ဖြင့် ရပ်တည်နေသည့် အာဆင်နယ်အသင်းထက် ခြောက်မှတ်လျော့ ရမှတ် ၅၀ ဖြင့် အဆင့်(၂)နေရာမှ ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

မန်စီးတီးအသင်းကိုရှုံးနိမ့်ခဲ့သည့် လီဗာပူးအသင်းသည် ယခုဘောလုံးရာသီတွင် ရုန်းကန်နေရပြီး ချန်ပီယံလိဂ်ဝင်ခွင့်နောက်ဆုံးနေရာဖြစ်သည့် အဆင့်(၄)နေရာမှ မန်ယူအသင်းနှင့်လည်း ငါးမှတ်ကွာဟခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် လက်ကျန်ပွဲစဉ်များတွင် ရုန်းကန်ရဖွယ်ရှိနေသည်။

အလားတူ လီဗာပူးအသင်းနည်းပြ အာနီဆလော့အတွက်လည်း အနာဂတ်ပိုမိုမရေမရာဖြစ်လာကြောင်း သိရသည်။

*Ref;Fotmob*

# မန်ယူအသင်းက ကက်စ်မဲရိုး၏နေရာ၌ နယူးကာဆယ်အသင်းမှ တိုနယ်လီနှင့်အစားထိုးရန်စီစဉ်

မန်ချက်စတာ ဖေဖော်ဝါရီ ၁၀

မန်ယူအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာရန် ဆုံးဖြတ်ထားသည့် ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုး၏နေရာ၌ နယူးကာဆယ်အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့် ကွင်းလယ်ကစားသမားတိုနယ်လီနှင့် အစားထိုးရန် စီစဉ်နေကြောင်း သိရသည်။

တိုနယ်လီသည် ၂၀၂၃ ခုနှစ်က အေစီမီလန်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် လောင်းကစားပါဝင်ပတ်သက်မှုဖြင့် ကာလရှည်ပွဲပယ်ခံရသည့်အတွက် ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားခဲ့ရသော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီနှင့် ယခုဘောလုံးရာသီတို့တွင် အဓိက ကစားသမားအဖြစ် ပါဝင်နေသူဖြစ်သည်။

သို့သော် တိုနယ်လီက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှပြန်လည်ထွက်ခွာရန် ဆုံးဖြတ်ထားသည့်အတွက် မန်ယူအသင်းက ခေါ်ယူလိုပြီး မန်ယူအသင်းနှင့်အပြိုင် အာဆင်နယ်အသင်းကလည်း ခေါ်ယူရန်စီစဉ်နေသောကြောင့် မန်ယူအသင်းအတွက် တိုနယ်လီအားခေါ်ယူရန် ခက်ခဲဖွယ်ရှိနေကြောင်း သိရသည်။

*Ref;One Football*

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ


အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။



ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၄ ရက်နှင့် ၅ ရက်**တို့တွင် မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဝိုင်းမော်မြို့နယ်၊ ဗလမင်းထင်တံတား၌ မော်တော်ယာဉ် (၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Faw Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၅၂၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၅ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၄၇၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ပင် လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၉၄၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက်တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၃၀ ရက်**တွင် ကော့သောင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၃ ရက်နှင့် ၄ ရက်**တို့တွင် ရေတာရှည်မြို့နယ်၊ ကျောက်တံခါးမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်(၁၉ ဒသမ ၆၀၈)တန်၊ အခြားသစ်(၃ ဒသမ ၁၅၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၂၀၉၉၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၇)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၄၇၈၂၀၉၉၂)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၄ ရက်**တွင် ငဖဲမြို့နယ်နှင့် သရက်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၃၀၀) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၉၈၃၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၉၈၃၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၃၀ ရက်**တွင် သာပေါင်းမြို့နယ်၊ ကြံခင်းမြို့နယ်၊ ရေကြည်မြို့နယ်၊ ဖျာပုံမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် (၅ ဒသမ ၃၇၀)တန်နှင့် တရားမဝင် သစ်ခွဲရာတွင်အသုံးပြုသည့်ဆက်စပ်ပစ္စည်း(၇)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၃၃၇၆၁၆၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၅ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၇၃၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ford Transit Mini Bus (၁)စီး၊ Iveco Mini Bus (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၁)ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၆၃၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**ဇန်နဝါရီလ ၃၀ ရက်၊ ဖေဖော်ဝါရီလ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ်၅၈၈၈၂၅၉၈၂)**ကို ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် **ဖေဖော်ဝါရီလ ၆ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ပင် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၅၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၈၂၆၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၈၂၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၅ ရက်**တွင် ကျောက်တံခါးမြို့နယ်၊ နတ္တလင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁၁ ဒသမ ၄၀၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၈၈၀၇၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၆ ရက်**တွင် ရွှေပြည်သာမြို့နယ်၊ မုတ္တာမဆိပ်ကမ်းနှင့် သာကေတမြို့နယ်၊ သာကေတဆိပ်ကမ်းတို့၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့်ရေယာဉ်(၂)စင်းပေါ်မှသွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း (၈၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၃၄)မျိုး၊ လျှပ်စစ်ပစ္စည်း(၃၂)မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း(၃၈)မျိုး၊ လျှပ်စစ်ပစ္စည်း (၄)မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၁၀၄၉၃၇၈)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်ရှိ MV. Shwe Yoon San ရေယာဉ် (၁)စင်း၊ MV. Citra ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၂၁၁၀၂၂၆)ကိုလည်းကောင်း၊ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၁၆)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၃၃၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Win Myanmar (MPV) Micro Bus (၁)စီး၊ Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၁၂၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၃)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၆)မျိုး၊ လျှပ်စစ်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၉၈၆၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၂၀၉၈၆၀၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**ဖေဖော်ဝါရီလ ၅ ရက်နှင့် ၆ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၁၂၆၉၃၈၀)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

**ပျောက်ဆုံးကြောင်း**
ဦးဣန္ဒက(ဘ)ဦးအောင်ခ ၁၂/မဘန(သ) ၀၀၀၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျော်ကျော်ဦး(ဘ)ဦးတင်လတ် ၁၂/တမန (နိုင်)၀၈၃၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၆၂၉၂၀

**ပျောက်ဆုံးကြောင်း**
နီနီခိုင်(ဘ)ဦးကျော်ကျော်ခိုင် ၁၂/မဂတ(နိုင်) ၁၁၄၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၉၅၁၇၇

**ပျောက်ဆုံးကြောင်း**
ယဉ်စုလှိုင်(ဘ)ဦးမြင့်ရွှေ ၁၂/ဥကတ(နိုင်) ၁၃၄၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၀၉၀၅၀၀

**ပျောက်ဆုံးကြောင်း**
အောင်ကျော်စိုး(ဘ)ဦးတင်ရွှေ၁၄/မမန(နိုင်) ၁၄၁၇၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၂၇၉၁၂၁၂

**ပျောက်ဆုံးကြောင်း**
ခင်မောင်ထွန်း(ဘ)ဦးထွန်းကြည် ၁၂/အစန (နိုင်)၀၃၈၂၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၆၇၃၆၆၀

**ပျောက်ဆုံးကြောင်း**
မောင်မြင့်ကို(ဘ)ဦးပေထူး ၈/မကန(နိုင်) ၂၄၀၅၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၆၂၅၅၅၃

**ပျောက်ဆုံးကြောင်း**
အောင်မိုးလွင်(ဘ)ဦးခင်မောင်လွင် ၁၂/ဗတထ(နိုင်)၀၁၁၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဝေဝေခိုင်(ဘ)ဦးမောင်နိုင် ၇/ဒဥန(နိုင်) ၁၉၅၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 638601)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိအိမွန်(ဘ)ဦးဆွေမြင့် ၈/အလန(နိုင်) ၁၅၇၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဌေးဌေးငြိမ်း(ဘ)ဦးမျိုးဝင်း ၉/ပဘန(နိုင်) ၃၀၅၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်မှန်ဌာန(အရေးပေါ်ဌာန)ရှိ GE Healthcare 16/32 Slice CT စက်မှ CT X-Ray Tube(Venus tube ROHS-compliant(PN-5363417)) အား ပြုပြင်လဲလှယ်ခြင်းလုပ်ငန်းအတွက် စိတ်ပါဝင်စားသည့်ပြည်ထောင်စုမြန်မာ နိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၀-၂-၂၀၂၆ (အင်္ဂါနေ့)

တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် - ၂၃-၂-၂၀၂၆ (တနင်္လာနေ့)

နေ့ရက်/အချိန် (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ကလေးဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ကလေးဆေးရုံကြီး၊ ဓာတ်မှန်ဌာနတွင် အသုံးပြုသည့် 64 Slices CT Scanner (Philips(USA), Ingenuity Core, SN:52040)စက်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသည့် ပြည်ထောင်စုမြန်မာနိုင်ငံသားကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် (ဒုတိယအကြိမ်)ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ဆေးရုံအုပ်ကြီး ရုံးခန်းတွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများ စတင်ရောင်းချမည့် နေ့ရက်နှင့်အချိန် ။ ။ (၄-၂-၂၀၂၆)(ဗုဒ္ဓဟူးနေ့)၊ နံနက်(၁၀:၀၀)နာရီ

တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန် ။ ။ (၁၈-၂-၂၀၂၆) (ဗုဒ္ဓဟူးနေ့) ညနေ(၄:၀၀)နာရီ

တင်ဒါဖွင့်ဖောက်မည့် နေ့ရက်နှင့်အချိန် ။ ။ (၁၉-၂-၂၀၂၆)(ကြာသပတေးနေ့) နေ့လယ်(၂:၀၀)နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ကာလ(ရုံးချိန်)အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါ လိပ်စာတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီး၊ အမှတ်(၂)ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**တင်ဒါကော်မတီ**
**ရန်ကုန်ကလေးဆေးရုံကြီး**
အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။




## ဒေါ်လေးပိုနှင့်သက်ဆိုင်သူများသိစေရန်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကွက်သစ်ရပ်၊ (ဘီ)လမ်း၊ အမှတ်(၃၀)နေ (ဦးဘမြင့်)-ဒေါ်လေးပိုတို့မှ ဒေါ်မြမြစိမ်း၊ ဒေါ်မြမြစမ်း၊ ဦးအောင်ဇော်ထွန်း၊ ဦးဇော်ထွန်းလေး၊ ဒေါ်လေးလေးမြင့် စသည့် သားသမီး(၅)ဦး မွေးဖွားထွန်းကား ခဲ့ရာ ဒေါ်မြမြစမ်းနှင့် ဦးအောင်ဇော်ထွန်းတို့ ကွယ်လွန်သွားခဲ့ကြပြီးဖြစ်ပါသည်။ ဦးအောင်ဇော်ထွန်းကွယ်လွန်စဉ်တွင် ဇနီးဖြစ်သူ ဒေါ်နေခြည်နှင်းထွေးရှိန်နှင့် သမီးဖြစ်သူ မလင်းလက်မြင့်မိုရ်တို့ကျန်ရှိပါသည်။ ကွယ်လွန်သူ ဦးအောင်ဇော် ထွန်းရပိုင်ခွင့်ရှိသည့် အမွေဝေစုအရပ်ရပ်နှင့်စပ်လျဉ်း၍ ကျန်ရစ်သူဇနီးနှင့် သမီးတို့ သိရှိခြင်းမရှိဘဲ ထိန်ချန်ပြီး ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ အခြားနည်းဖြင့် အလွဲသုံးစားပြုခြင်းများမပြုလုပ်ရန် တရားစီရင်ရေးအခွင့်အာဏာ ကိုမထိခိုက်စေဘဲ အသိပေးလိုက်ပါသည်။ လိုက်နာရန်ပျက်ကွက်ပါက ပြုလုပ်သူ တာဝန်သာဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်နေခြည်နှင်းထွေးရှိန်**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဦးမျိုးမော် | ဒေါ်စန္ဒာထွန်း |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၁၀၆၇၄ | စဉ်-၁၆၄၇၂ |
| ၀၉-၅၁၅၆၆၈၃ | ၀၉-၇၉၈၃၄၉၆၂၃ |

**အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ တံခွန်တိုင် Grade-6 တွင် ပညာသင်ကြားနေသော မောင်ကျော်သက်ဦး၏ဖခင်အမည်မှန်မှာ ဦးနန္ဒာထွန်း ၇/ညလပ(နိုင်)၁၅၁၀၁၉ ဖြစ်ပါကြောင်း။
**ဦးနန္ဒာထွန်း**

### ပျောက်ဆုံးကြောင်း
ကျောက်ထယ်ကန်း(ဘ)ဦးကျောက်ချန်ဆီ ၁၃/ကခန(နိုင်)၀၈၅၈၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅**

## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကုန်သည်ရပ်ကွက်၊ မင်းလမ်း၊ ကွင်းအမှတ်(၃)ဦးပိုင်အမှတ်(၂၇)၊ မြေကွက်အမှတ်(၅၅)၊ မြေဧရိယာ(၀.၀၇၇၅) ဧကအား အမည်ပြောင်း/သက်တမ်းတိုးမြေငှားဂရန်ပြုလုပ်ခွင့်ရရှိ ထားပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဒိုက်ဦးမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ၂၅-၂-၂၀၂၆ ရက် နောက်ဆုံးထားပြီး လူကိုယ်တိုင်လာရောက်ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်စုမွန်သန်း၊ ဒိုက်ဦးမြို့**

### ပျောက်ဆုံးကြောင်း
ကျော်ဇေလတ်(ဘ)ဦးဝင်းမြင့် ၇/ကကန(နိုင်)၀၆၉၃၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅**

### ပျောက်ဆုံးကြောင်း
သင်းသင်းစိုး(ဘ)ဦးကျော်စီ ၁၃/ရစန(နိုင်)၁၁၇၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ရှိန်ရှိန်(ဘ)ဦးသောင်းရှိန် ၉/သစန(နိုင်)၁၆၂၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅**

### ပျောက်ဆုံးကြောင်း
ခင်ခင်ဌေး(ဘ)ဦးစောမြင့် ၁၂/စခန(နိုင်)၀၅၁၈၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၅၉၃၈၈၀၁**

### ပျောက်ဆုံးကြောင်း
နန်းအွန်(ဘ)ဦးမောက်ခမ်း ၁၃/မဆတ(နိုင်)၀၁၈၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
အိုက်ခေါင်(ဘ)အိုက်ဆမ် ၁၃/မဆတ(နိုင်)၀၁၅၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဝင်းမိုး(ဘ)ဦးငယ် ၁၃/ညရန(နိုင်)၁၂၀၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅**

### ပျောက်ဆုံးကြောင်း
သိမ့်သိမ့်ဦး(ဘ)ဦးမင်းကျော်သူ ၁၄/မအပ(နိုင်)၃၄၃၈၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၇၇၀၇၀၈၃**

### ပျောက်ဆုံးကြောင်း
ဇင်မင်းဦး(ဘ)ဦးစိုးစိုး ၁၄/မအန(နိုင်)၁၅၃၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 076699)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ရဲရင့်မိုး(ဘ)ဦးမိုးနိုင် ၉/တသန(နိုင်)၂၀၉၀၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ချိုးကျင်းကျီ(ဘ)ဦးချူးကွမ်းကျာ ၁၃/ကခန(နိုင်)၁၁၆၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅**

### ပျောက်ဆုံးကြောင်း
တင်ထွန်းအောင်(ဘ)ဦးစံရ ၁၂/တမန(နိုင်)၀၁၁၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၇၀၇၈၀၆၃**

### ပျောက်ဆုံးကြောင်း
ရဲမင်းနိုင်ထွန်း(ဘ)ဦးမောင်ထွန်း ၅/ရဥန(နိုင်)၁၂၆၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ညောင်ရှင်းဒေါလ်(ဘ)ဦးလွန်းကျင့်မန် ၄/တတန(နိုင်)၀၅၉၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၂၀၂၂၈၂၈**

### ပျောက်ဆုံးကြောင်း
ခင်စောထွန်း(ဘ)ဦးကိုကြီး ၅/ဒပယ(နိုင်)၀၈၂၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ရွှမ်ရဲမ်မွေး(ဘ)ဦးနိုကျုံး ၄/ဇလန(နိုင်)၀၆၆၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၆၅၁၆၁၀၇**

### ပျောက်ဆုံးကြောင်း
ခရစ်နိုင်ထျန်း(ဘ)ဦးထျန်းကျုံးနဲ့ ၁၂/လမန(နိုင်)၁၇၀၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၂၁၆၀၁၁၁**

### ပျောက်ဆုံးကြောင်း
ခွန်ကျော်ဇေယျဟိန်း(ဘ)ဦးခွန်မောင်ဝင်း ၃/ဘအန(နိုင်)၂၃၈၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၅၃၇၀၈၄၇**

### ပျောက်ဆုံးကြောင်း
အေးစန္ဒာ(ဘ)ဦးမြင့်နိုင် ၈/ဂဂန(နိုင်)၁၁၁၇၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၅၀၀၅၄၂၅**

### ပျောက်ဆုံးကြောင်း
ဝဏ္ဏာထွန်း(ဘ)ဦးရဲထွဋ် ၇/ပမန(နိုင်)၁၂၃၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### မိခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ ရွာပိုး အမက Grade-5 တွင်ပညာသင်ကြားနေသော မောင်အာကာ ဘုန်းမြတ်၏မိခင် ဒေါ်အိဖြူ၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၆၂၆၈၀ အရ ဒေါ်အိစန္ဒာအောင်ဖြစ်ပါကြောင်း။ **ဒေါ်အိစန္ဒာအောင်**

### အမည်မှန်
ကျိုင်းတုံမြို့၊ မိုင်းဇင်းအုပ်စု၊ တင်ထပ်ကျေးရွာနေ အဘ ဦးသီဟန်ကျော်၏သား NPS ကိုယ်ပိုင်အထက်တန်းကျောင်း(ကျိုင်းတုံ)မှ မောင်ဟန်ပြည့်ထွန်းစံ၏ အမည်မှန်မှာ မောင်လင်းပြည့်သီဟန်ဖြစ်ပါကြောင်း။ **မောင်လင်းပြည့်သီဟန်**

### ပျောက်ဆုံးကြောင်း
အောင်သူ(ဘ)ဦးသန်းစိုး ၈/အလန(နိုင်)၁၇၈၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၉၄၁၉၆**

### ပျောက်ဆုံးကြောင်း
မြတ်ကိုကို(ဘ)ဦးအောင်နိုင် ၁၄/ကလန(နိုင်)၁၇၈၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅**

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ တဲမြင့်ကျေးရွာအုပ်စု၊ တဲမြင့်ကျေးရွာနေ ဦးဝေယံလင်း(ဘ)ဦးထွန်းထွန်းဦး ၉/တကန(နိုင်)၂၂၄၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၈၉၂၄၀၆၅၅**

### ပျောက်ဆုံးကြောင်း
ပုသိမ်မြို့နေ စောသောသီစေး(ဘ) စောရှားကျော် ၁၄/ပသန(နိုင်)၃၀၇၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၀၁၄၁၁၄၆**

### ပျောက်ဆုံးကြောင်း
သာစည်မြို့နယ်၊ ဇဝင်းကျေးရွာနေ မောင်မျိုးမင်းသူ(ဘ)ဦးချစ်ခင် ၉/သစန(နိုင်)၂၁၆၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၄၂၀၇၇**

### အမည်မှန်
ကျိုင်းတုံမြို့၊ မိုင်းဇင်းအုပ်စု၊ တင်ထပ်ကျေးရွာနေ အဘ ဦးသီဟန်ကျော်၏သား NPS ကိုယ်ပိုင်အထက်တန်းကျောင်း(ကျိုင်းတုံ)မှ မောင်ရဲပြည့်သီဟန်၏ အမည်မှန်မှာ မောင်ဝင်းပြည့်သီဟန်ဖြစ်ပါကြောင်း။ **မောင်ဝင်းပြည့်သီဟန်**

### ပျောက်ဆုံးကြောင်း
ဝင့်ဖြိုးမောင်မောင်(ဘ)ဦးအောင်ငွေ ၁၂/ကမတ(နိုင်)၀၇၅၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဆွေရည်မွန်(ဘ)ဦးညွန့်ဆွေ ၁၂/ဥကတ(နိုင်)၁၈၄၀၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅**

### ပျောက်ဆုံးကြောင်း
စိုးဝင်းအောင်(ဘ)ဦးမြင့်လွင် ၁၄/မအန(နိုင်)၁၁၇၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇**

### ပျောက်ဆုံးကြောင်း
မင်းသန့်ကျော်(ဘ)ဦးမင်းနိုင်ဝင်း ၁၂/မဂဒ(နိုင်)၁၉၅၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၂၂၇၇၃၅၈**

### ပျောက်ဆုံးကြောင်း
သရဖီမောင်(ဘ)ဦးစောသာထွန်းအောင် ၁၂/ဥကမ(နိုင်)၂၃၆၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၅၀၃၁၃၅၃**

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအုပ်စု၊ ဗိုလ်ချုပ်လမ်းနေ မစုမြတ်အောင်(ဘ)ဦးအောင်မြင့် ၆/ရဖန(နိုင်)၀၈၂၂၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 361127)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၈၇၃၇၀၅၀**

### ပျောက်ဆုံးကြောင်း
ဒဂုံမြောက်ပိုင်းမြို့နယ်၊ (၄၆)ရပ်ကွက်နေ ဒေါ်တိုးတိုးတင်(ဘ)ဦးဝင်းရွှေ(ခ)ရွှေဂဲ ၁၂/သဃက(နိုင်)၀၈၃၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၄၂၉၉၅**

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့နေ သော်တာဝင်း(ဘ)ဦးတင်လှိုင် ၇/သနပ(နိုင်)၁၄၂၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅**

### ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့နေ မအိအိထွေး(ဘ)ဦးသောင်းစိန် ၇/ကတခ(နိုင်)၁၈၈၃၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၁၅၆၁၂၅**

### ပျောက်ဆုံးကြောင်း
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ (၇၃၆)နေ မဝေဝေနှင်း(ဘ)ဦးဇော်ဝင်းအောင် ၁၄/ဒဒရ(နိုင်)၂၃၆၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီးနေ ရွှေဇင်ကြူ(ဘ)ဦးတင့်နိုင် ၇/ပခန(နိုင်)၂၇၅၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 663554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅**

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၈၄ လမ်း၊ ၁၀၃ ဘီလမ်းနေ ပြည့်ပြည့်ဖြိုး(ဘ)ဦးလှဝေ ၉/ခမစ(နိုင်)၀၀၅၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 202028)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၃၁၈၅၂**

# ဦးနှောက်သွေးကြောပိတ်ခြင်းလက္ခဏာများ

ဒေါက်တာလွင်သန့်

ဦးနှောက်သွေးကြောပိတ်ခြင်း သို့မဟုတ် သွေးကြောပေါက်ခြင်း သို့မဟုတ် လေဖြတ်ခြင်းသည် ဦးနှောက်သို့ သွေးထောက်ပံ့မှု ပြတ်တောက်ခြင်းကြောင့် တစ်သျှူးများ ပျက်စီးခြင်းနှင့်အာရုံကြောဆိုင်ရာလုပ်ဆောင်မှုဆုံးရှုံးခြင်းတို့ဖြစ်စေသောလက္ခဏာတစ်ရပ်ဖြစ်သည်။

ဦးနှောက်သွေးကြောပေါက်ခြင်းသည် ဦးနှောက်၏အစိတ်အပိုင်းတစ်ခုသို့ သွေးစီးဆင်းမှု ပိတ်ဆို့သွားသောအခါတွင် ဖြစ်တတ်ပြီး ပုံမှန်အနေဖြင့် သွေးခဲခြင်းကြောင့် ဦးနှောက်ဆဲလ်များသေဆုံးစေသည်။ ကျန်သွေးထောက်ပံ့မှုဖြတ်တောက်ခြင်းသည် ထိခိုက်ခံရသည့်ဧရိယာ၏ တည်နေရာနှင့် အရွယ်အစားပေါ်မူတည်ပြီး ပြင်းထန်သောအာရုံကြောဆိုင်ရာ ထိခိုက်မှုဖြစ်စေနိုင်သည်။ ဦးနှောက်သွေးကြောပိတ်ခြင်းသည် အထူးသဖြင့် လေဖြတ်ခြင်းတစ်မျိုးဖြစ်ပြီး လေဖြတ်ခြင်းအားလုံး၏ ၈၇ ရာခိုင်နှုန်းခန့်မှာ ဦးနှောက်သွေးကြောပိတ်ခြင်းကြောင့်ဖြစ်သည်။

ဦးနှောက်အတွင်းရှိ သွေးကြောများ ပေါက်ပြဲပြီး ဦးနှောက်တစ်သျှူးများပေါ်တွင် သွေးထွက်ခြင်းနှင့် ဖိအားများဖြစ်ပေါ်စေသောအခါ သွေးယိုလေဖြတ်ခြင်း ဖြစ်ပေါ်နိုင်သည်။ ဤနှစ်မျိုးခြားနားချက်ကိုနားလည်မှုသာ တိကျသောအဖြေရမည်ဖြစ်သည်။

ဦးနှောက်သွေးကြောပိတ်ခြင်းသည် အမျိုးမျိုးသောအကြောင်းရင်းများကြောင့်ဖြစ်နိုင်ပြီး သွေးလှည့်ပတ်မှုကိုဟန့်တားသော သွေးကြောအတွင်း သွေးခဲဖွဲ့စည်းခြင်းလည်းပါဝင်သည်။ ဤသွေးခဲသည် ကျဉ်းနေပြီဖြစ်သော သွေးကြောများကို ပေါက်စေနိုင်သည်။ သွေးကြောကျဉ်းခြင်း၊ သွေးကြောနံရံများအတွင်း အဆီများစုပုံလာခြင်းက လက္ခဏာတစ်ရပ်ဖြစ်သည်။ ဦးနှောက်သွေးကြောပေါက်သည့်အခါ သွေးခဲက သွေးကြောအတွင်း ပိတ်ဆို့သွား၍ လေဖြတ်ခြင်းဖြစ်စေသည်။

လေဖြတ်ခြင်းဆိုသည်မှာ ဦးနှောက်သို့ အောက်ဆီဂျင်နှင့်အာဟာရများ သယ်ဆောင်ပေးသည့် သွေးကြောများ ပေါက်ထွက်ခြင်း သို့မဟုတ် ပိတ်ဆို့ခြင်း သို့မဟုတ် ပေါက်ပြဲခြင်းကြောင့်ဖြစ်ပေါ်သော ကျန်းမာရေးအခြေအနေတစ်ရပ်ဖြစ်သည်။ ဦးနှောက်၏အစိတ်အပိုင်းတစ်ခုတွင် အောက်ဆီဂျင်ရရှိမှုပြတ်တောက်ပြီး ဆဲလ်သေများကိုဖြစ်ပေါ်စေနိုင်သည်။

ဦးနှောက်သွေးကြော ပိတ်ခြင်း၏ လက္ခဏာရပ်များမှာ-

### စကားပြောခြင်းနှင့် နားလည်ရန်ခက်ခဲခြင်း

စကားပြောရာတွင် ဆက်စပ်ရှုပ်ထွေးမှုများ၊ မကျေမနပ်ဖြစ်မှုနှင့် တခြားသူတစ်ဦး၏စကားပြောဆိုမှုကို နားလည်ရန် ခက်ခဲမှုများရှိနိုင်သည်။

> "ဦးနှောက်သွေးကြောပိတ်ခြင်းသည် အမျိုးမျိုးသောအကြောင်းရင်းများကြောင့်ဖြစ်နိုင်ပြီး သွေးလှည့်ပတ်မှုကိုဟန့်တားသော သွေးကြောအတွင်း သွေးခဲဖွဲ့စည်းခြင်းလည်းပါဝင်သည်။ ဤသွေးခဲသည် ကျဉ်းနေပြီဖြစ်သော သွေးကြောများကို ပေါက်စေနိုင်သည်။ သွေးကြောကျဉ်းခြင်း၊ သွေးကြောနံရံများအတွင်း အဆီများစုပုံလာခြင်းက လက္ခဏာတစ်ရပ်ဖြစ်သည်။ ဦးနှောက်သွေးကြောပေါက်သည့်အခါ သွေးခဲက သွေးကြောအတွင်း ပိတ်ဆို့သွား၍ လေဖြတ်ခြင်းဖြစ်စေသည် . . ."

### ထုံကျဉ်ခြင်း

လူတစ်ဦးသည် အများအားဖြင့် မျက်နှာ၊ လက်မောင်း သို့မဟုတ် ခြေထောက်ကဲ့သို့ ခန္ဓာကိုယ်အစိတ်အပိုင်းများ ရုတ်တရက် ထုံကျဉ်ခြင်း၊ အားနည်းခြင်း သို့မဟုတ် သွက်ချာပါဒဖြစ်ခြင်းများရှိနိုင်သည်။

### အမြင်အာရုံမှုန်ဝါးခြင်း

လူတစ်ဦးသည် မျက်လုံးတစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံးတွင် နှစ်ဆမှုန်ဝါးခြင်း သို့မဟုတ် မည်းမှောင်နေသည့် အမြင်အာရုံဆိုင်ရာ အနှောင့်အယှက်တစ်ခုခု တွေ့ကြုံရနိုင်သည်။ ထိုအခါ လမ်းလျှောက်ရခက်ခဲခြင်းများဖြစ်လာသည်။

### ရုတ်တရက်ပြင်းထန်စွာခေါင်းကိုက်ခြင်း

လေဖြတ်ခြင်းနှင့်ဆက်စပ်သောခေါင်းကိုက်ခြင်းသည် ရုတ်တရက်ပြင်းထန်နိုင်ပြီး အော့အန်ခြင်း၊ မူးဝေခြင်း သို့မဟုတ် သတိလစ်ခြင်းတို့နှင့် ဆက်စပ်နေနိုင်သည်။

ဦးနှောက်သွေးကြောပိတ်ခြင်းသည် ရုတ်တရက်ဖြစ်တတ်သော်လည်း ပထမဆုံးပြသည့်လက္ခဏာသည် မျက်နှာတွင်ဖြစ်ပြီး ယင်းလက္ခဏာကို ဆောလျင်စွာသိရှိပါက အသက်တစ်ချောင်းကို ကယ်တင်နိုင်ကာ ရေရှည်ထိခိုက်ပျက်စီးမှုကို တားဆီးနိုင်သည်။ အဆိုပါလက္ခဏာများသည် မသိမသာပေါ်ပေါက်တတ်သော်လည်း တစ်ခုခုမှားယွင်းနေပြီဟု ခန္ဓာကိုယ်ကပြောပြနေသောနည်းလမ်းဖြစ်ပြီး ဂရုစိုက်သင့်သည့်အရာများဖြစ်သည်။ လူတစ်ဦး၏မျက်နှာပေါ်တွင် တွေ့မြင်ရနိုင်သော ဦးနှောက်သွေးကြောပိတ်သည့်လက္ခဏာများထဲမှ တချို့ကို ဖော်ပြပေးပါမည်။

### မျက်နှာတစ်ခြမ်းရွဲ့ခြင်း

ဦးနှောက်သွေးကြောပိတ်သည့်လက္ခဏာထဲမှ အဖြစ်အများဆုံးနှင့် အထင်ရှားဆုံးက မျက်နှာတစ်ခြမ်း ရုတ်တရက် ရွဲ့ခြင်းဖြစ်သည်။ လူနာကိုပြုံးပြခိုင်းပါက နှုတ်ခမ်းတစ်ဖက်က အပေါ်ကိုတက်သွားပြီး ကျန်သည့်တစ်ဖက်က ပြားချပ်နေသည် သို့မဟုတ် ရွဲ့နေတတ်သည်။ ထိုသို့ဖြစ်ရသည်မှာ ဦးနှောက်သွေးကြောပိတ်သည့်အခါ မျက်နှာကြွက်သားကို ထိန်းချုပ်ပေးသည့် ဦးနှောက်အစိတ်အပိုင်း ထိခိုက်စေနိုင်၍ဖြစ်သည်။ နာကျင်မှုမရှိသော်လည်း မြင်သာထင်သာရှိစေသည်။

### မျက်နှာတစ်ခြမ်းထုံကျဉ်ခြင်း

ထုံကျဉ်ခြင်းသည် လက်မောင်းနှင့် ခြေထောက်များတွင်သာ ကန့်သတ်ထိခိုက်ခြင်းမဟုတ်ပေ။ ဆူးစူးသကဲ့သို့၊ ပုရစ်တက်သကဲ့သို့ ခံစားရသည့်နာကျင်မှုကို မျက်နှာပေါ်တွင်လည်း ခံစားရနိုင်သည်။ ဦးနှောက်သွေးကြောပိတ်ခြင်းသည် မျက်နှာတစ်ခြမ်းတွင် ရုတ်တရက်ထုံကျဉ်မှုဖြစ်စေနိုင်သည်။ ယင်းကို အရေပြားက ခံစားနိုင်သည်။ ထိုထူးဆန်းသည့် ခံစားချက်သည် မသက်မသာဖြစ်စေသည်။ ရုတ်တရက်ပေါ်လာပြီး အချိန်ကြာလာသည့်တိုင် ပျောက်မသွားပါက လျစ်လျူရှုထား၍မရဘဲ ကုသမှုခံယူသင့်သည်။

### စကားပြောမပီမသဖြစ်ခြင်း

မျက်နှာကြွက်သားများသည် စကားပြောရန်၊ ပြုံးရန်ကူညီပေးသည်။ ထိုကြွက်သားများထိခိုက်သွားလျှင် စကားကို မြန်မြန်ဆန်ဆန်နှင့် ပီသစွာမပြောနိုင်တော့ပေ။ လူနာက စကားပြောရာတွင် အလွန်ပြုံးပေးရသကဲ့သို့ ခက်ခဲနေတတ်ပြီး အဓိပ္ပာယ်မရှိသောစကားလုံးများကို သုံးနှုန်းနေပါက ယင်းမှာ ဦးနှောက်သွေးကြောပိတ်ရန် အရေးကြီးဆုံး သတိပေးချက်များထဲမှ တစ်ခုဖြစ်၍ အလေးအနက်ထားသင့်သည်။

### ပါးစပ်ရွဲ့ခြင်း

မညီမညာဖြစ်နေသည့် မျက်နှာအမူအရာတွေ့ရပါက ပါးစပ်ရွဲ့ခြင်းဖြစ်နိုင်သည်။ အပြည့်အဝ မပြုံးနိုင်သည့်အတွက် ပါးစပ်က ညီညာမှုမရှိနိုင်ခြင်း သို့မဟုတ် နှုတ်ခမ်းထောင့်တစ်ခုက တခြားတစ်ဖက်ထက် ပိုနိမ့်ကျသကဲ့သို့ ဖြစ်ပေါ်နေခြင်းကို သတိထားမိနိုင်သည်။

အထူးသဖြင့် အနားယူချိန်၊ စကားပြောချိန် သို့မဟုတ် ခံစားချက်တစ်ခုခု ဖြစ်နေချိန်များတွင် ပို၍သိသာနိုင်သည်။ တစ်ခါတစ်ရံမသိသာသော်လည်း တခြားလက္ခဏာများနှင့်တွဲ၍ဖြစ်လာလျှင် အဓိကအချက်ပြချက်တစ်ခုအဖြစ် သတိပြုရမည်ဖြစ်သည်။ ၎င်းတို့၏ရေသောက်နိုင်စွမ်း သို့မဟုတ် မျိုချနိုင်စွမ်းကိုလည်း ထိခိုက်စေနိုင်သည်။

### ကုသခြင်း

အဆိုပါလက္ခဏာတစ်ခုခုကို သတိထားမိပါက အထူးသဖြင့် တစ်ခုထက်ပိုပြီး တစ်ချိန်တည်းဖြစ်နေပါက မစောင့်ဘဲ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားသင့်သည်။ လက္ခဏာများက မိနစ်အနည်းငယ်ကြာပြီးနောက် ပျောက်သွားသည်ဆိုလျှင်ပင် ဦးနှောက်သွေးကြောပိတ်ခြင်း သို့မဟုတ် ကြီးကြီးမားမားသွေးကြောပိတ်ခြင်း၏ နောက်ဆက်တွဲသတိပေးချက်တစ်ခုဖြစ်လာနိုင်သည်။

### အဓိကလက္ခဏာများ

အဓိကလက္ခဏာများကို မှတ်မိရန် ရိုးရှင်းသောနည်းလမ်းရှိသည်။ မျက်နှာရွဲ့သည်။ လက်မောင်းအားနည်းသည်။ စကားပြောရန် အခက်အခဲရှိနေသည်။ ထိုအခါမျိုးတွင် အရေးပေါ်ဝန်ဆောင်မှုခေါ်ချိန်သင့်ပြီဖြစ်သည်။

သတိပြုရမည်မှာ အဆိုပါလက္ခဏာများသည် တခြားရောဂါအမျိုးအစားများနှင့်လည်း ဆက်စပ်နေနိုင်သဖြင့် သင့်လျော်သည့်ရောဂါရှာဖွေမှုအတွက် ကျန်းမာရေးပညာရှင်တစ်ဦးဦးနှင့် တိုင်ပင်ဆွေးနွေးသင့်သည်။

### တခြားရောဂါလက္ခဏာများ

မျက်နှာ၊ လက် သို့မဟုတ် ခြေထောက် စသည်တို့ ထုံကျဉ်သည် သို့မဟုတ် အားနည်းသည်။ စိတ်ရှုပ်ထွေးသည်။ စကားပြောရန် သို့မဟုတ် နားလည်ရန်ခက်ခဲသည်။ မျက်လုံးတစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံး အမြင်ဝေဝါးခြင်း သို့မဟုတ် မမြင်ရခြင်း၊ လမ်းလျှောက်ရခက်ခဲခြင်း၊ ခေါင်းမူးခြင်း သို့မဟုတ် ဟန်ချက်မညီခြင်း၊ အကြောင်းရင်းမရှိ ပြင်းထန်စွာ ခေါင်းကိုက်ခြင်းတို့ဖြစ်စေသည်။

အမျိုးသားနှင့် အမျိုးသမီး လက္ခဏာမတူညီသည်များလည်းရှိသည်။ လေဖြတ်သည့်အမျိုးသားများနှင့် အမျိုးသမီးများတွင် တူညီသည့်လက္ခဏာများမှာ မျက်နှာတွဲကျခြင်း၊ ရွဲ့ခြင်း၊ လက်အားနည်းခြင်းနှင့် စကားပြောခက်ခဲခြင်း စသည့် လေဖြတ်ခြင်းနှင့်ဆင်တူသောလက္ခဏာကို မကြာခဏခံစားရလေ့ရှိခြင်းပင်ဖြစ်သည်။

အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံးတွင်တွေ့ရတတ်သည့် တခြားလက္ခဏာများမှာ မျက်လုံးတစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံး အမြင်အာရုံဆိုင်ရာပြဿနာများနှင့် ဟန်ချက်မညီညာခြင်း သို့မဟုတ် ကိုယ်ခန္ဓာညီညွတ်မှုမရှိခြင်းတို့ဖြစ်သည်။

အမျိုးသမီးများတွင် ခန္ဓာကိုယ် ယေဘုယျအားနည်းခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ မအီမသာဖြစ်နေခြင်း သို့မဟုတ် မှတ်ဉာဏ်ဆိုင်ရာပြဿနာများ၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ပျို့အန်ခြင်း သို့မဟုတ် အန်ခြင်းတို့ ဖြစ်နိုင်သည်။

လေဖြတ်ခြင်း ရှိ၊ မရှိ ဓာတ်မှန်၊ စီတီ၊ အမ်အာအိုင်ရိုက်၍ ဆုံးဖြတ်ချက်ပေးနိုင်ပြီး ၂၄ နာရီအတွင်းဖြစ်လျှင် လေမဖြတ်ဆေးထိုးနှံကုသနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

အင်တော ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် အခြေခံပညာမူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၉ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် အင်တောမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှလှထွေးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ဟောပြောသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရာ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းမှ Grade -5 ကျောင်းသား၊ ကျောင်းသူများက ရွှေသွေးဂျာနယ်ပါ မြန်မာ့ရိုးရာသနပ်ခါး၊ စွမ်းအားကြီးတဲ့ သကြား ချိုလွန်းရင်ဆိုးကျိုးများနှင့် Animation ဆောင်းပါးများဖြင့် ယှဉ်ပြိုင်ကြပြီး ဆုရရှိသောကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပြည်ထောင်စုနေ့ဆိုင်ရာ အသိပညာပေးဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့



❖ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ဂုဏ်ဒြပ်နှင့်အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင်ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် ရှေးအစဉ်အလာမပျက်ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင်ပြုလုပ်သော (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ရှိပြခန်းများအား သွားရောက်ကြည့်ရှုအားပေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ပြခန်း၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ပြခန်း၊ ဝန်ကြီးဌာနများနှင့်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ပြခန်းများအတွင်း MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များ၏ ပြည်တွင်းပြည်ပဈေးကွက်ရရှိရေး တွေ့ဆုံဆွေးနွေးချိတ်ဆက်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်ရင်ပြင်၌ကျင်းပပြုလုပ်လျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နေ့လယ်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့လှည့်လည်ကြည့်ရှုရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့်

စာမျက်နှာ ၅ ကော်လံ ၄ ■


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

